၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့ (31-10-2013) (၇၆၅၀)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၃၀-၁၀-၂၀၁၃)

ငါးသိုင်းချောင်း	၁ အသမ ၁၀ လက်မ
ဟသ်ာတ	၀ အသမ ၉၇ လက်မ
အင်းစိန်	၀ အသမ ၀၇ လက်မ
ကျောက်ဖြူ	၀ အသမ ၀၇ လက်မ
မြောင်းမြ	၀ အသမ ၀၇ လက်မ
တွံတေး	၀ အသမ ၀၇ လက်မ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bikram Singh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ အစိုးရအဆက်ဆက်က အိန္ဒိယနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးထားတည်ဆောက်ခဲ့သကဲ့သို့လက်ရှိအစိုးရလက်ထက်တွင်လည်း ချစ်ကြည်ရင်းနှီးမှုကို အလေးထားဆောင်ရွက်နေမှု၊ နိုင်ငံတော်သမ္မတကြီး၏ အိန္ဒိယနိုင်ငံခရီးစဉ်နှင့် အိန္ဒိယဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော စာချုပ်များအရ ဆောင်ရွက်ရန်ရှိသည်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်နေမှု၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့်အိန္ဒိယနိုင်ငံတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bikram Singh အား နိုင်ငံတော်သမ္မတ အိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဆွေးနွေးမှုဖြင့် ငြိမ်းချမ်းရေးတည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး

နိုင်ငံတော်သမ္မတက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုင်ဇာအစည်းအဝေးသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

လိုင်ဇာအစည်းအဝေးသို့ တက်ရောက်လာသော တိုင်းရင်းသားညီနောင်များအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထာဝရတည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ရည်မှန်းချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ ကချင်ပြည်နယ်လိုင်ဇာတွင် အစည်းအဝေး ကျင်းပနေသည်ကို သိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များနှင့် ရှေ့တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ချမှတ်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲခြင်း သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ချမှတ်နိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးမှုဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရန်တို့အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်မှသာ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အစည်းအဝေးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ)

သိန်းစိန်

နိုင်ငံတော်သမ္မတ

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပိုရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာကျောင်းသားများ အဝေးထိန်းလေယာဉ် အောင်မြင်စွာစမ်းသပ်ထုတ်လုပ်

တင်လှိုင် - မိတ္ထီလာ

မိတ္ထီလာ အောက်တိုဘာ ၃၀

မြန်မာနိုင်ငံတွင် သိပ္ပံနှင့် နည်းပညာမြင့်မားတိုးတက်သော အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရန်အတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို ဖွင့်လှစ်ပေးထားသည်။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ဖွင့်လှစ်ခြင်း၏ အဓိက ရည်ရွယ်ချက်များမှာ လေကြောင်းနှင့်အာကာသပညာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ကျွမ်းကျင်သော လေကြောင်းနှင့် အာကာသပညာရှင်များ မွေးထုတ်ရန်၊ လေကြောင်းနှင့် အာကာသပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်နိုင်ရန် စသောရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံ စာ တ ည်း ရှ ေထ ာ င် ၃၁-၁၀-၂၀၁၃၊ ကြာသပတေးနေ့

ပညာတန်ဖိုး

အလှူတကာအလှူတွင် တရားအလှူသည် အမြတ်ဆုံးဟု ရှင်တော်ဗုဒ္ဓလမ်းမှန်ညွှန်ပြ မိန့်မြွက်ခဲ့ပါသည်။ တရားအလှူ တစ်နည်းအားဖြင့် ပညာအလှူကို အသိရှိသူတိုင်း ရက်ရက်ရောရောရှိတတ်ကြသည်။ "ပညာမျက်စိ၊ မြင်မရှိက" အရာရာတွင်အမြင်ထင်ရှားရှိပါလျက်နှင့် တိမ်သလ္လာဖုံး အမှန်မမြင်နိုင်ကြ။ အမှားကို အမှန်၊ အမှန်ကို အမှား အရာရာတွင် ဝိုးတစ်ဝါး။ လက်ခံကျင့်သုံးလာကြသောအခါ ဆက်နွယ်ရာအဝန်းအဝိုင်းအတွက် ကောင်းကျိုးထက် ဆိုးကျိုးသာ သက်ရောက်စေပါသည်။

အမှောင်ကိုခွင်း အလင်းဆောင်ရာတွင် "ပညာသမ္မာ အာဘာနတ္ထိ" ပညာနှင့်တူသော အလင်းရောင်သည်မရှိဟု အတိအလင်းဆိုထားသည် မဟုတ်ပါလော။ လူတစ်ဦး၊ လူတစ်စုမှသည် နိုင်ငံတစ်ခုအထိ အဆင့်အတန်း အနိမ့်အမြင့်ကိုတိုင်းတာရာတွင် ထိုလူ၊ ထိုနိုင်ငံ၏ ပညာအဆင့်နှင့် တိုင်းတာသတ်မှတ်ပြီး မှတ်ကျောက်တင်စမြဲ။ အတိတ်သမိုင်းမှသည် မျက်မှောက်ကာလအထိ ငြင်းပယ်မရနိုင်သည့် အမှန်တရားပေတံတစ်ချောင်းဖြစ်နေဆဲ။

ထို့ကြောင့်လည်း ပညာတန်ဖိုးကိုအလေးထားသော နေရာတိုင်းမှာ ပညာရေးကို အလေးထားအားပေးကြသည်။ မိဘတိုင်း သားသမီးများအပေါ် ပညာအမွေပေးနိုင်ဖို့ ကြိုးစားတတ်ကြသည်။ ငွေကြေးနေသည် သင်္ခါရသဘော၊ အနိစ္စမမြဲခြင်းသဘောကို ဆောင်သည်။ ပညာမဲ့သောအခါ ထိုထိုသော အမွေရတနာတို့သည်လည်း တန်ဖိုးမသိ၊ တန်ဖိုးမဲ့ကာ ဖွဲနှင့်ဆန်ကွဲဖြစ်သွားရသည်။ ပုံပြင်ထဲက ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသားလေးကဲ့သို့ အနှစ်မဲ့ဘဝဖြင့် တောင်းရမ်းစားသောက်ရသော ဘဝနိဂုံးမလှခြင်းမျိုး ဖြစ်ခဲ့ရသည်။ ပညာမဲ့မှု၏ ဆိုးကျိုးဖြစ်ရပ်။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အဆင့်မှသည် သာမန်ပြည်သူများထိ ပညာရေးတွင် အဆင့်မြင့်တင်အားပေးခြင်းကို အင်တိုက်အားတိုက်နှင့် တစ်ယောက်တစ်လက်၊တစ်တပ်တစ်အားဝိုင်းဝန်းလုပ်ဆောင်လျက်ရှိကြသည်။ ပညာရေးနှင့် ပတ်သက်လျှင် သာသနာ့ဝန်ထမ်းများပါမကျန် နိုင်ရာဝန်တာကို ပူးတွဲထမ်းရွက်လျက်။ နိုင်ငံအနှံ့မှာတွေ့ရမြင်ရ မင်္ဂလာအတိနှင့် ပီတိဖြစ်စရာမြင်ကွင်းများပင်။ အထူးသဖြင့် မိဘမဲ့များနှင့် တာဝန်မဲ့မိဘတချို့၏ သားသမီးများကို စားဝတ်နေရေးကအစ တာဝန်ယူပညာသင်ပေးနေသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ နိုင်ငံအနှံ့မှာ လက်ညှိုးထိုးမလွဲရှိနေသည်။ ကလေးသူငယ်များအတွက်သာမက သင်ပြသည့်ဆရာများ၏ အခကြေးငွေကအစ အသေးစိတ်တာဝန်ယူစီမံဆောင်ရွက်သွားသည့်ဝန်ထမ်းများ၏ မဟာကရုဏာလုပ်ဆောင်ချက်။ ယခုဆရာ ဆရာမများ၏ထောက်ပံ့စရိတ်ကိုနိုင်ငံတော်မှ တာဝန်ယူထားပြီးဖြစ်ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ဖွံ့ဖြိုးရေးကို ကြီးမားစွာ အထောက်အကူဖြစ်ပေသည်။

ထိုထိုသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနက် အထင်ကရကျောင်းတစ်ကျောင်းမှာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံစွမ်းဆောင်ရည်ဆုရ ဘဒ္ဒန္တနာယက အရှင်သူမြတ်ဦးစီးဖွင့်လှစ်ထားသော ဖောင်တော်ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးတွဲဖက်အထက်တန်းကျောင်းဖြစ်သည်။ ယခုစနစ်သစ် ဆရာအတတ်သင်ကျောင်းကိုပါ ဖွင့်လှစ်ပေးထားသည်။ နိုင်ငံတော်နှင့်အလှူရှင်များက အရှင်သူမြတ်အတွက် အားလုံးအဆင်သင့်ရှိနေကြသည်။ လိုလေသေးမရှိ ဝိုင်းဝန်းပေးလျက်ရှိသည်။ ဆရာ ဆရာမ ၃၀၀၊ ရှင်သာမဏေနှင့် ဆင်းရဲနွမ်းပါး ကျောင်းသား ကျောင်းသူ ၆၀၀၀ ကျော်ရှိသည်။ နာဂစ်မုန်တိုင်းသင့် မိဘမဲ့ကလေးများနှင့် နွမ်းပါးကလေးများအပါအဝင် ရှင်သာမဏေ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်ကို ကျောင်းနေကျောင်းစား ကျောင်းမှလုံးဝတာဝန်ယူပေးထားသည်။

ပညာရေးနှင့်ပတ်သက်လျှင် မိမိတို့နိုင်ငံအတွက် နမူနာပြယုဂ်ကောင်းတစ်ခုဖြစ်သော ဘဒ္ဒန္တနာယကအရှင်သူမြတ်၏ ပညာအလှူဌာန ဖောင်တော်ဦးဆီသို့ ရည်မှန်းဦးခိုက် ရေးသားဖော်ပြလိုက်ပါသည်။ ။

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

ဂေါတမဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ် သဗ္ဗညုတ ဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာန အလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး)နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း-၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော်ဖွားမြင်တော်မူရာဌာနတွင် မယ်တော်မာယာဖွားတော်မူဟန်နှင့် ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူအများမှ အထက်ဖော်ပြပါ အလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(၂၅)ကြိမ်မြောက် ငွေရတုမြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အစိုးရအထက်တန်းကျောင်း (ဟုန်းလမ်း၊ ထီးတန်း) ကျောင်းတော်ကြီးတွင် ၁၉၅၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းတို့က ၁၉၅၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အထက်ပါကျောင်းတွင် ပညာများပို့ချခဲ့သည့် ဆရာသခင် ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား (၂၅)ကြိမ်မြောက် ငွေရတု မြတ်ဆရာကန်တော့ပွဲနှင့် ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူဟောင်းများ ဂုဏ်ပြုချီးမြှင့်ပွဲကို လာမည့် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်(နိုဝင်ဘာ ၂၇ ရက်)(ဗုဒ္ဓဟူးနေ့) အမျိုးသားနေ့ နံနက် ၁၀နာရီမှစတင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ အလုပ်အမှုဆောင်အဖွဲ့မှ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ကြိုတင်ဖိတ်ကြားထားကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာမရရှိသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကန်တော့ပွဲ အခမ်းအနားသို့ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

သတိပေး နှိုးဆော်ချက်

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားစီမံကိန်း၏ ဘုရင့်နောင်လမ်းမကြီးအပိုင်း (ရန်ကုန်နှင့် အင်းစိန်သို့သွားသည့်လမ်းပိုင်း) ဒုတိယအလွှာတံတားအား ယာဉ်ကြောကျပ်တည်းမှုမှ သက်သာစေရန်အတွက် အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်မှစတင်ပြီး မော်တော်ယာဉ်များ စတင်ဖြတ်သန်းမောင်းနှင်ခွင့် ပြုမည်ဖြစ်ကြောင်း အများပြည်သူ သိရှိနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရွှေဈေး ဓာတ်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်	ရွှေဈေး	၆၉၂၇၀၀	-	၆၉၃၇၀၀
မန္တလေး	ရွှေဈေး	၆၉၂၅၀၀	-	၆၉၃၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	၁၃၃၅. ၅
(ဂ)	တရုတ်	တစ်ယွမ်	၁၅၉. ၆၀
(ဃ)	ထိုင်း	တစ်ဘတ်	၃၁. ၂၇၄
(င)	မလေးရှား	တစ်ရင်းဂစ်	၃၀၇. ၆၉
(စ)	အိန္ဒိယ	တစ်ရူပီး	၁၅. ၈၅၃
(ဆ)	ဂျပန်	တစ်ရာယန်း	၉၈၉. ၆၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	၉၁. ၅၀၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	၉၂၀. ၅၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	၇၈၂. ၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

☆ နိုင်ငံတော်သမ္မတမှ

သင်တန်းများ တက်ရောက်နိုင်ရေး ရွေးချယ်စေလွှတ်နိုင်ရန် ပညာသင်ဆုများ အများအပြားကမ်းလှမ်းဆောင်ရွက်သွားရန် စီစဉ်ထားရှိမှု၊ မြန်မာ့တပ်မတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိမှု၊ အိန္ဒိယနိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်နေသည့် သောင်းကျန်းသူများအား နှိမ်နင်းရာတွင် မြန်မာနိုင်ငံဘက်မှ ကူညီပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိမှု၊ နယ်စပ်ဒေသတွင် လုံခြုံရေးကင်းလှည့်ခြင်းဖြင့် နယ်စပ်ဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိမှု၊ နှစ်နိုင်ငံအကြား နယ်ခြားပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် စစ်သံမှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ပျူရိုမှ အကြီးတန်း ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ပျူရိုမှ အကြီးတန်းဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Scot Marciel ဦးဆောင်သည့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell လည်းတက်ရောက်သည်။

(သတင်းစဉ်)

○ မြန်မာနိုင်ငံလေကြောင်းမှ

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်မှ ဘွဲ့ဒီပလိုမာ ၁၂ မျိုး ပေးလျက်ရှိသည်။ ဘွဲ့ကြိုဘွဲ့များ၏ သင်တန်းကာလမှာ ငါးနှစ်ဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာ သင်တန်းကာလသည် တစ်နှစ်ဖြစ်သည်။

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၏ ဆောင်ပုဒ်မှာ - "TO PRODUCE HIGHTY QUALIFINED ENGINEERS THROUGH QUALITY EDUCATION" ဖြစ်သည်။ ဆောင်ပုဒ်၏ အဓိပ္ပာယ်မှာ အရည်အသွေးရှိ ပညာရေးကိုပေးခြင်းအားဖြင့် အရည်အချင်းပြည့်မီသော အင်ဂျင်နီယာများ မွေးထုတ်ရန်ဖြစ်သည်။

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ BE (Aerospace Proputsion & Flight Vehicles) စက်နှင့် ပျံသန်းယာဉ်ပညာခွဲဌာနမှ နောက်ဆုံးနှစ်ကျောင်းသားများဖြစ်ကြသော ကိုစွမ်းထက်၊ ကိုဖွဲ့လီအောင်၊ ကိုငြိမ်းချမ်းထွဋ်၊ ကိုဝေယံစိုး၊ ကိုနန္ဒဝင်းကျော်၊ ကိုဝေယံထွန်း၊ ကိုအောင်ခန့်ငြားနှင့် ကိုဇင်မောင်တို့သည် စာတွေ့လက်တွေ့ပေါင်းစပ်ပြီး DAWN SWAZ ဟု အမည်ပေးထားသည့် အဝေးထိန်းစနစ်သုံးလေယာဉ်အား တီထွင်ထုတ်လုပ်ပြီး စမ်းသပ်မောင်းနှင်ခဲ့ရာ အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။

အဝေးထိန်းစနစ်သုံး လေယာဉ်တည်ဆောက်ရခြင်းမှာ ငါးနှစ်တာ သင်ကြားခဲ့သော သီအိုရီများကို အခြေခံပြီး လက်တွေ့အသုံးချနိုင်ရန် ကိုယ်ပိုင်ဒီဇိုင်းများ တွက်ချက်ကာ လေကြောင်းဆိုင်ရာ နည်းပညာများ တိုးမြှင့်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ကြိုးစားတည်ဆောက်ခဲ့ရခြင်း ဖြစ်သည်ဟု သိရသည်။

DAWN SWAZ အဝေးထိန်းစနစ်လေယာဉ်မှာ တောင်ပံအလျားကိုးပေ၊ ကိုယ်ထည်အလျား ၅ ဒသမ ၈ ပေ နှင့် အင်ဂျင်ပါဝါ မြင်းကောင်ရေအား ၂၉ ကို အသုံးပြုတည်ဆောက်ထားခြင်းဖြစ်သည်။ လေယာဉ်၏ ထူးခြားချက်မှာ အမေရိကန်နိုင်ငံတွင် လက်ရှိအသုံးပြု ပျံသန်းလျက်ရှိသော PERDATOR MR-9 REAPER လေယာဉ်၏ ဒီဇိုင်းကို မှီငြမ်းပုံစံယူ၍ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲကာ တည်ဆောက်ထားခြင်းဖြစ်သည်။ အမြီးပိုင်းဒီဇိုင်းတွင် သာမန် လေယာဉ်များနှင့်မတူ ထိန်းချုပ်ပျံသန်းမှု ပိုမိုကောင်းမွန်ရန် Y ပုံသဏ္ဌာန် တည်ဆောက်၍ အင်ဂျင်၏နောက် တွန်းအားကို အသုံးပြုထားသည်။

ထို့အပြင် DAWN SWAZ လေယာဉ် တည်ဆောက်မှုမတိုင်ခင် အကြိုစမ်းသပ်မှုအနေဖြင့် MOTOR POWER သုံးလေယာဉ်ငယ်အား ယမန်နှစ်က စမ်းသပ်ပျံသန်းခဲ့ကြောင်းလည်း သိရသည်။ ထိုသို့ အကြိုစမ်းသပ်ဆောင်ရွက်မှုကြောင့် တိကျမှန်ကန်သော ဒီဇိုင်း တွက်ချက်၍ PLATFORM များ ရရှိခဲ့ကြောင်း သိရသည်။

ယခု စမ်းသပ်ထုတ်လုပ်သည့် DAWN SWAZ အဝေးထိန်းစနစ်သုံး လေယာဉ်သစ်မှာ အမြင့်ပေ ၂၀၀၀ ခန့်ပျံသန်းနိုင်ပြီး လေထဲတွင် တစ်နာရီခန့်ကြာ ပျံသန်းနိုင်ကြောင်း၊ လေယာဉ်ရှေ့ခေါင်းပိုင်းတွင် ကောင်းကင်ဓာတ်ပုံရိုက်ကင်မရာ တပ်ဆင်ထားကြောင်း၊ ပထမအကြိမ် စမ်းသပ်ပျံသန်းမှုကို အောက်တိုဘာ ၁၂ ရက်က အမြင့်ပေ ၈၀၀ ခန့်တွင် အချိန် ၁၀ မိနစ်ခန့် ကောင်းကင်ဓာတ်ပုံရိုက်၍ အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြောင်း၊ လေယာဉ်စမ်းသပ်ပျံသန်းချိန် အတက်အဆင်း ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး လေထဲတွင် တည်ငြိမ်စွာ ပျံသန်းနိုင်ခဲ့ကြောင်းလည်း သိရသည်။

အင်ဂျင်ပါဝါသုံး အဝေးထိန်းလေယာဉ် စမ်းသပ်တည်ဆောက်ပျံသန်းနိုင်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ယခုလို အောင်မြင်စွာပျံသန်းနိုင်ခြင်းသည် ကြိုးစားအားထုတ်မှုကြောင့် တန်ဖိုးတူ အောင်မြင်မှုရလဒ်တစ်ခု ရရှိခြင်းပင်ဖြစ်ပြီး အဖိုးမဖြတ်နိုင်သည့်စိတ်ဓာတ်အင်အားတွေ ရရှိခဲ့ကြောင်း၊ ဤသို့ အဝေးထိန်းစနစ်သုံး လေယာဉ် တီထွင်အောင်မြင်ခြင်းသည် ကျောင်းတော်ကြီးအတွက် ဂုဏ်ယူစရာဖြစ်ကြောင်း၊ PROJECT များကို အကျိုးပြုလုပ်ငန်းအတွက် အသုံးချနိုင်ရန် အမြဲတမ်းအားပေးတိုက်တွန်းခဲ့သည့် ပါမောက္ခကြီးနှင့် ငါးနှစ်တာ ပညာသင်ကြားပေးခဲ့သည့် စက်နှင့်ပျံသန်းယာဉ်ဌာနမှ ဆရာဆရာမများ၊ အချိန်ပြည့် အားပေးကူညီခဲ့သည့် SUPERVISOR များနှင့် လေယာဉ်ဒီဇိုင်းတည်ဆောက်သည့်နည်းပညာများကို အနီးကပ်လမ်းညွှန် ဆောင်ရွက်ပေးခဲ့သော မောင်းသူမဲ့ လေယာဉ်သုတေသနဌာနမှ ဆရာဆရာမများကိုလည်း ကျေးဇူးတင်ကြောင်း ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်တီထွင်ခဲ့သည့် အဝေးထိန်း စနစ်သုံး DAWN SWAZ လေယာဉ်တီထွင်ခဲ့သည့် ကျောင်းသားရှစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏တစ်ခုတည်းသော မိတ္ထီလာမြို့ရှိမြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ စက်နှင့် ပျံသန်းယာဉ်ပညာဌာနမှ နောက်ဆုံးနှစ် ကျောင်းသားရှစ်ဦး၏ ပထမဆုံးအကြိမ် စမ်းသပ်တီထွင်အောင်မြင်ခဲ့သည့် အဝေးထိန်းစနစ်သုံး DAWN SWAZ လေယာဉ်ကို ဂုဏ်ယူဝမ်းမြောက်စွာ ရေးသားတင်ပြအပ်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ထိုင်းအသင်းကိုဂိုးပြတ်သွင်းပြီး မြန်မာ(က)ဟော်ကီအသင်း ဗိုလ်စွဲ

သတင်း-ရန်နိုင်စိုး
ဓာတ်ပုံ-နိုင်ထက်ဇော်

ဆီးဂိမ်းအကြိုဟော်ကီပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ မြန်မာ(က)အသင်းက ချန်ပီယံဆုဆွတ်ခူးရရှိသွားသည်။ ဗိုလ်လုပွဲတွင်မြန်မာ(က)အသင်းမှာထိုင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၁၁ မိနစ်နှင့် ၁၈ မိနစ်တွင် ဇာနည်၊ ၃၂ မိနစ်နှင့်၄၅ မိနစ်တွင် သိန်းထိုက်အောင်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာ(က)အသင်းမှာ ပွဲအစအဆုံး အသာစီးမှုကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲ အကြိုအောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်သလို အတွေ့အကြုံကောင်းများလည်း ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် နေရာအလိုက် အကောင်းဆုံးဆုများကို ချီးမြှင့်ခဲ့ပြီး ဗိုလ်လုပွဲ အကောင်းဆုံးဆုကို သိန်းထိုက်အောင် (မြန်မာ-က)၊ အကောင်းဆုံး ဂိုးသမားဆုကို Boontami (ထိုင်း)၊ ဂိုးသွင်းအများဆုကို သိန်းထိုက်အောင်(မြန်မာ-က)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုကို သန်းထွဋ်ဝင်း(မြန်မာ-က) တို့က ရရှိသည်။ ပထမဆုရ မြန်မာ(က) အသင်းကို ချန်ပီယံဆုဖလားနှင့် တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ ထိုင်းအသင်းကို ဒုတိယဆုဖလားနှင့်တစ်ဦးချင်း ဆုတံဆိပ်တို့ချီးမြှင့်ခဲ့သည်။ ဆုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

ထိုင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ယူကာ ပထမဆုဆွတ်ခူးခဲ့သည့် မြန်မာ(က)ဟော်ကီအသင်း။

ပြင်ဆင်ဖတ်ရှုပါရန်

(၃၀-၁၀-၂၀၁၃) ရက်ထုတ် ကြေးမုံသတင်းစာတွင် ပါရှိသော နိုကြိုပ္ပလစ်ရွှေနေ၏လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံချက်နှင့် ပတ်သက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အများပြည်သူထံ အသိပေးကြေညာချက်ပါ အပိုဒ်-၁ နှင့် အပိုဒ်-၄ တွင် ပါရှိသည့် **ပြည်ထောင်စု ရှေ့နေချုပ်ရုံး** အစား **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(နိုင်ငံခြားရေးဝန်ကြီးဌာန)

စစ်တောင်းမြစ်ရေ ကားလမ်းကျော်

ရေတာရှည် အောက်တိုဘာ ၃၀

စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ်ကိုကျော်ခဲ့ပြီးနောက် ရေတာရှည်မြို့နယ် သာဂရမြို့တောင်ဘက်အတွက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို အောက်တိုဘာ ၂၈ ရက် ညပိုင်းကစတင်ကျော်ခဲ့ပြီး အောက်တိုဘာ ၃၀ ရက်တွင် ရေအမြင့်နှစ်ပေခွဲအထိမြင့်တက်လာခဲ့သည်။

အစုန်အဆန်သွားလာလျက်ရှိသော ယာဉ်ကြီး၊ ယာဉ်ငယ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေလမ်းပြမှတ်တိုင်ငယ်များစိုက်ထူ၍လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ၂၄ နာရီပတ်လုံးလည်းကောင်း ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ) (၅၇၈)

အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးအေဂျင်စီဌာနချုပ်ရုံး အဆောက်အအုံကို တွေ့ရစဉ်။

*smreOeBu;csKy t m; ovQKvyrppr;&e *smreaxmuvr;a&;t &m&rsm; tar&ueoa&mu

ဝါရှင်တန် အောက်တိုဘာ ၃၀

ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်၏ တယ်လီဖုန်းဆက်သွယ်မှုများကို ကြားဖြတ်ခိုးနားထောင်သည်ဆိုသော သတင်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရန် ဂျာမနီနိုင်ငံမှ ထောက်လှမ်းရေးအရာရှိများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေကြောင်း သတင်းဌာနများက အောက်တိုဘာ ၃၀ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန် အမျိုးသားလုံခြုံရေး အေဂျင်စီသည် ဂျာမနီဝန်ကြီးချုပ် မာကဲလ်၏ လက်ကိုင်ဖုန်းဆက်သွယ်ပြောဆိုမှုများကို ကြားဖြတ်နားထောင်ခြင်း အပါအဝင် မဟာမိတ်နိုင်ငံများအား သူလျှိုလုပ်ထောက်လှမ်းခဲ့ကြောင်း သတင်းများ ပေါ်ထွက်ခဲ့ရာ ဥရောပခေါင်းဆောင်များက အမေရိကန်အစိုးရအဖွဲ့ကို အပြစ်တင်ဝေဖန်လျက်ရှိကြသည်။

ဝန်ကြီးချုပ် မာကဲလ်၏ တယ်လီဖုန်းကို သူလျှိုလုပ်ထောက်လှမ်းမှုကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံ အထက်တန်း တာဝန်ရှိသူများသည် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံခြား ခေါင်းဆောင်များအား တယ်လီဖုန်း ဆက်သွယ်မှုများမှတစ်ဆင့် လေ့လာစောင့်ကြည့်ရန် အမေရိကန် အမျိုးသားလုံခြုံရေး အေဂျင်စီ၏ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး ဂျိမ်းစ်ကလက်ပါကကာကွယ်ပြောကြားခဲ့သည်။

နိုင်ငံခြား ခေါင်းဆောင်များ၏ ဦးတည်ချက်များကို သိရှိနိုင်ရန် ထောက်လှမ်းရေး သတင်းအချက်အလက်များ စုဆောင်းခြင်းသည် အမေရိကန်အစိုးရအဖွဲ့၏ ဝါဒရေးရာဆိုင်ရာ အခြေခံလုပ်ဆောင်ချက်တစ်ရပ်သာဖြစ်ကြောင်း အောက်လွှတ်တော်ရေးရာကော်မတီရှေ့မှောက်တွင် ၎င်းကပြောကြားခဲ့သည်။

ပီတီအိုင်။

ပါကစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲ

အစ္စလာမ္မာဘတ် အောက်တိုဘာ ၃၀

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အောက်တိုဘာ ၃၀ရက်က လမ်းဘေးထောင်ဗုံးတစ်လုံး ပေါက်ကွဲရာ တပ်ဖွဲ့ဝင်နှစ်ဦးထက်မနည်း သေဆုံး၍ လေးဦးဒဏ်ရာရရှိကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံရှိ မျိုးနွယ်စုများနေထိုင်ရာ တောင်ဝါဇီရစ္စတန်ဒေသတွင်းရှိ ကျေးရွာတစ်ရွာတွင် အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခြင်းဖြစ်ကြောင်း ထိပ်တန်းလုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်၏ပြောကြားချက်ကိုကိုးကား၍ အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အေအက်ဖ်ပီ။

ကေဆောင်းစက်မှုဇုန်သို့ သွားရောက်ရန် တောင်ကိုရီးယားအမတ်များ နယ်စပ်ဖြတ်ကျော်

ဆိုးလ် အောက်တိုဘာ ၃၀

တောင်ကိုရီးယား အမတ်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် မကြာမီက ပြန်လည်ဖွင့်လှစ်လိုက်သည့် နှစ်နိုင်ငံပူးတွဲ စက်မှုဇုန်သို့ သွားရောက်နိုင်ရန် လုံခြုံရေး တင်းကျပ်စွာချထားသော နယ်စပ်ဒေသကို အောက်တိုဘာ ၃၀ရက်တွင် ဖြတ်ကျော်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

စစ်ရေးတင်းမာမှုများကြောင့် ငါးလကြာမျှပိတ်ထားခဲ့ရသော ကေဆောင်းစက်မှုဇုန်ကို မကြာမီက ပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက် တောင်ကိုရီးယားနိုင်ငံမှအမတ် ၂၁ဦးသည် နယ်စပ်ဒေသကိုဖြတ်ကျော်ကာ ယင်းဇုန်သို့ သွားရောက်ခဲ့ကြကြောင်း၊ ယခုကဲ့သို့သော ခရီးစဉ်မျိုးမှာ ကြုံတောင့်ကြုံခဲ ခရီးစဉ်ဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုရီးယားနှစ်နိုင်ငံအကြား အသစ်တစ်ဖန်ယုံကြည်မှု ပြန်လည် တည်ဆောက်နိုင်ရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ်တောင်ကိုရီးယားနိုင်ငံမှ အမတ်များ ကေဆောင်းစက်မှုဇုန်သို့ သွားရောက်ခြင်းဖြစ်သည်။ အဆိုပါအမတ်များသည် ကေဆောင်းစက်မှုဇုန်၌ စက်ရုံများဖွင့်လှစ်ထားသော ကုမ္ပဏီ ၁၀၀ကျော်အနက် ကုမ္ပဏီလေးခုသို့ သွားရောက်လေ့လာ ကြည့်ရှုကြမည်ဖြစ်သည်။

ကေဆောင်းစက်မှုဇုန်သည် နယ်စပ်ဒေသမှ ၁၀ ကီလိုမီတာအကွာတွင် တည်ရှိပြီး ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်တစ်ရပ်အဖြစ် ၂၀၀၄ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

ပီတီအိုင်။





ပါလက်စတိုင်းအကျဉ်းသား ၂၆ဦး အစ္စရေးလွှတ်ပေး

ဂျေရုစလင် အောက်တိုဘာ ၃၀

အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစ္စရေးအကျဉ်းသား ၂၆ဦးကို အစ္စရေးနိုင်ငံက ပြန်လွှတ်ပေးခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အကျဉ်းသားငါးဦးကို ဂါဇာသို့ ပြန်လွှတ်ပေးခဲ့ပြီး ကျန် ၂၁ ဦးကို အနောက်ဘက်ကမ်းသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ပြန်လွှတ်လာသူအားလုံးသည် လူသတ်မှုဖြင့် အပြစ်ပေးခံရသူများဖြစ်ကြပြီး ထောင်တွင်း၌ ၁၉နှစ်မှ ၂၈နှစ်အထိ နေခဲ့ကြရသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတာဝန်ရှိသူများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို သုံးနှစ်ကြာ ရပ်ဆိုင်းခဲ့ပြီးနောက် ဩဂုတ်လတွင် ဂျေရုစလင်မြို့၌ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ဗုဒ္ဓဟူးနေ့ နံနက်စောစောပိုင်းတွင် အစ္စရေးနိုင်ငံ အိုဖာအကျဉ်းထောင်မှ ပါလက်စတိုင်း အကျဉ်းသားများကို ပြန်လွှတ်ပေးပြီး အီရက်ဇ်နယ်စပ်စခန်းကို ဖြတ်သန်း၍ ဂါဇာသို့လည်းကောင်း၊ ဘိုင်တူနာနယ်စပ်စခန်းကို ဖြတ်ကျော်၍အနောက်ဘက်ကမ်းသို့လည်းကောင်း မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်(စ်)က နှစ်လအတွင်း နောက်ထပ်အကျဉ်းသားများ ပြန်လွှတ်ပေးဦးမည်ဖြစ်ကြောင်းပြောကြားပြီး အကျဉ်းသားအားလုံးပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

အကျဉ်းသားများ လွှတ်ပေးခြင်းအတွက် အစ္စရေးက လူနေအဆောက်အအုံများ ဆက်လက်တည်ဆောက်ခြင်းကို နားလည်ပေးရမည်ဟူသော ကောလာဟလကို မဟုတ်မမှန်ကြောင်း ၎င်းကငြင်းဆိုသည်။ယင်းလုပ်ဆောင်ချက်ကြောင့် အစ္စရေးညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း၌လည်း တင်းမာမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

ဘီဘီစီ။

အနောက်ဘက်ကမ်းဒေသ ရာမာလာမြို့၌ လွတ်မြောက်လာသော ပါလက်စတိုင်း အကျဉ်းသားများကို ကြိုဆိုကြစဉ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀

မိမိတို့ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း အလွန်နီးစပ်သည့် နိုင်ငံများဖြစ်သဖြင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များသည် အောင်မြင်မှုမရစရာမရှိပါကြောင်း၊ နယ်နိမိတ်အားဖြင့် ကုန်းနယ်နိမိတ်၊ ရေပြင်နယ်နိမိတ်၊ တောင်စွယ်နယ်နိမိတ်များပါ ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေး အဆင့်အတန်းမြင့်မားတိုးတက်ကောင်းမွန်ပါကြောင်း။

အိန္ဒိယနိုင်ငံ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော မည်သည့်လုပ်ရပ်ကိုမျှ မြန်မာနိုင်ငံမှ လက်ခံမည်မဟုတ်သကဲ့သို့ မြန်မာနိုင်ငံ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော လုပ်ရပ်နှင့် ကိစ္စရပ်များကိုလည်း အိန္ဒိယနိုင်ငံမှ လက်ခံလိမ့်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းရာတွင် နိုင်ငံတော်သမ္မတ၏ ဦးဆောင်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စေရန်မှာလည်း တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးပါကြောင်း၊ အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီစနစ် ကျင့်သုံးနေသည်မှာ ကြာမြင့်ပြီဖြစ်သဖြင့် အတွေ့အကြုံများ ရင့်ကျက်မှုရှိပြီး ဒီမိုကရေစီဖော်ဆောင်မှုတွင် တွေ့ကြုံရသော လုံခြုံရေးနှင့် သက်ဆိုင်သည့် ပြဿနာများ၊ စိန်ခေါ်မှုများစွာရှိပါကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မကြာမီ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တိုးတက်မှုရရှိကာ ကောင်းသောရလဒ်များ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားပါကြောင်း၊ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နယ်စပ်ဒေသအခြေအနေသည် အခြားနေရာများနှင့် နှိုင်းယှဉ်လျှင် များစွာတည်ငြိမ်အေးချမ်းမှုရှိပြီး ၎င်းအချက်သည် နှစ်နိုင်ငံ ယခင်ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ အပြန်အလှန် ယုံကြည်မှုရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် သမိုင်းကြောင်းအရ၊ ယဉ်ကျေးမှုအရ ချစ်ကြည်ရင်းနှီးပြီးဖြစ်၍ နှစ်နိုင်ငံနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များ၊ ဖြစ်ပေါ်နေသည့် ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုအပေါ် အခြေခံပြီး ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးသည့်နည်းလမ်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bikram Singh အား ဧယျာသီရိဗိမာန်၌ ယနေ့နံနက် ၁၀နာရီခွဲက လက်ခံတွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ (ယာပုံ)

အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်က မိမိတို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံမှုကိုတိုးမြှင့်ခြင်းအားဖြင့် ဒေသတည်ငြိမ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ အထောက်အကူပြုနိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မဆို အိန္ဒိယပိုင်နက်အတွင်း လက်ခံထားမည်မဟုတ်ပါကြောင်း၊ အလားတူ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်မှုကို ထိခိုက်စေမည့် ကိစ္စများအား လုံးဝလက်ခံမည်မဟုတ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးသာမက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် အခြားအရေးပေါ်ကိစ္စရပ်များတွင် တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးအတွက် ကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အတူ အိန္ဒိယတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယသမ္မတနိုင်ငံမှ တပ်မတော်စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Air Chief Marshal NAK Browne သည်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr. AK Antony သည်လည်းကောင်း ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ယခုလာရောက်လည်ပတ်သူ အိန္ဒိယကြည်းတပ်ဦးစီးချုပ်သည် မြန်မာနိုင်ငံသို့ ယခုအကြိမ်အပါအဝင် တတိယအကြိမ်မြောက် လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ပြင်ဦးလွင်မြို့ အပါအဝင် မြန်မာနိုင်ငံရှိ ထင်ရှားသောမြို့များသို့ ဆက်လက်သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

(၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စက်ပစ်ကွင်း၌ ကျင်းပရာ (ဓါတ်ပုံ) ပွဲစဉ်အလိုက်ဆုရရှိသူများ၊ ပြိုင်ပွဲဝင်အသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမဦးစွာ ပစ္စတို(အမျိုးသား) ပွဲစဉ်(၁) တစ်ဦးချင်း ပစ်ခတ်စဉ်တွင် ပထမဆုရရှိသော အင်ဒိုနီးရှားနိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံ သေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော စင်ကာပူ နိုင်ငံ သေနတ်ပစ်အသင်းများအား ကွင်းမှူးချုပ်ဗိုလ်မှူးကြီး မျိုးမြင့်က လည်းကောင်း၊ စက်သေနတ်ပွဲစဉ်-၁ တွင် ပထမဆုရရှိသော အင်ဒိုနီးရှားနိုင်ငံသေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ဗီယက်နမ်နိုင်ငံ သေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော စင်ကာပူနိုင်ငံ သေနတ်ပစ်အသင်းတို့အား ဘရူနိုင်းနိုင်ငံ သေနတ်ပစ်အသင်းမှ အသင်းအုပ်ချုပ်သူ Lt.Col Abidin Bin Haji Timbang တို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲတက်ရောက်ခဲ့သည့် လာအိုနိုင်ငံမှ လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးကြီး Khampeiw PHIMMASONE ခေါင်းဆောင်သောအဖွဲ့၊ စင်ကာပူနိုင်ငံမှ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Lim Cheng Yeow Perry ခေါင်းဆောင်သောအဖွဲ့၊ မလေးရှားနိုင်ငံမှ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Dato' Seri Panglima Haji Ahmad Hasbullah Bin Haji Mohd Nawawi ခေါင်းဆောင်သောအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Chan Sopheaktra ခေါင်းဆောင်သောအဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံမှ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Muhamad Munir ခေါင်းဆောင်သော အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေး တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗန်ကောက်လေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(မြဝတီ)



ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးနှင့် မြန်မာနိုင်ငံ

ဒေါက်တာနန်းနိုင်နိုင်ရှိန်(ကျန်းမာရေးဦးစီးဌာန)

ကူးစက်ရောဂါ(Communicable Diseases)များသည် ကပ်ရောဂါများအသွင် ဖြစ်ပွားတတ်သည်ဟု သိရှိကြသော်လည်း ယခုအခါ ကင်ဆာ၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေဖြတ် လေငန်း စသည့် ကူးစက်ခြင်းကြောင့်မဟုတ်သော နာတာရှည်ရောဂါများ(Non-Communicable Diseases)များသည်လည်း ကမ္ဘာနှင့်အဝှမ်း ကပ်ရောဂါအသွင် အရှိန်အဟုန်ဖြင့် ဖြစ်ပွားလာနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း အဆိုပါနာတာရှည်ရောဂါများကြောင့် သေဆုံးမှုသည် ၂၀၁၁ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းအထိရှိလာကြောင်း ပြည်သူ့ဆေးရုံများ၏ စာရင်းဇယားများအရ သိရှိရပါသည်။ နာတာရှည်ရောဂါများကို ဖြစ်ပွားစေသောအကြောင်းရင်းမှာ ကျန်းမာရေးနှင့် မညီညွတ်သော လူနေမှုဘဝပုံစံ (Unhealthy life Style)ကြောင့်ဖြစ်ပြီး ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးခြင်းသည် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ပေါ်ပေါက်လာခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြပါသည်။ အဆိုပါကွန်ဗင်းရှင်း ရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် တက်ရောက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသအတွင်း ညှိနှိုင်းဆွေးနွေးပွဲကိုလည်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။

ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ရာ (၁၁)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ အဆိုပါ ကွန်ဗင်းရှင်းသည် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်အာဏာသက်ဝင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန်လအထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၇ နိုင်ငံရှိပြီဖြစ်သည်။

ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံအဆင့်၊ ဒေသအဆင့်၊အပြည်ပြည်ဆိုင်ရာ အဆင့်တို့တွင် ဆောင်ရွက်သင့်သော နည်းဗျူဟာများ၊ နည်းလမ်းများအတွက် မူဘောင်တစ်ရပ် ချမှတ်ပေးရန်ဖြစ်ပါသည်။

ကွန်ဗင်းရှင်းတွင် အပိုင်း ၁၁ ပိုင်းနှင့် အခန်း ၃၈ ခန်း ပါဝင်ပြီး အဓိကအားဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှု လျော့ကျစေရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများ (Demand Reduction Measures) နှင့် ဆေးလိပ်၊ ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချမှုလျော့ကျစေရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများ (Supply Reducation Measures) ဟူ၍ အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။

၁။ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှု လျော့ကျစေရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများတွင် အောက်ပါတို့ပါဝင်ပါသည်။

(က) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ်တွင် ကောက်ခံသည့်အခွန်အခများနှင့် ဈေးနှုန်းများ မြှင့်တင်ခြင်း။

ပြည်သူလူထုအတွင်း အထူးသဖြင့် လူငယ်ထုအတွင်း ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုလျော့ကျစေသည့် ထိရောက်သောနည်းလမ်းများဖြစ်ပါသည်။ နိုင်ငံတော်၏ ကျန်းမာရေးရည်မှန်းချက်ကို ထည့်သွင်းစဉ်းစား၍ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှု လျော့ကျရေးအတွက် အခွန်အခနှင့် ဈေးနှုန်းဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အခွန်လွတ်/အကောက်ခွန်လွတ် စီးကရက်များ၊ ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်း၊ တင်သွင်းခွင့်ပေးခြင်းတို့ကို ကန့်သတ်ပိတ်ပင်သွားရန် လိုအပ်ပါသည်။

(ခ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ အပေါ်တွင် ဈေးနှုန်းမြှင့်တင်ခြင်းမဟုတ်သော အခြားနည်းလမ်းများ။

နိုင်ငံအလိုက် ထိရောက်သည့်ဥပဒေများ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ခ-၁) သူတစ်ပါး၏ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းမှ ကာကွယ်ခြင်း။

အများပြည်သူနှင့်ပတ်သက်သည့် နေရာများ၊ အများသုံး ယာဉ်များနှင့် လုပ်ငန်းခွင်များတွင် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်း၏အန္တရာယ်မှ ကာကွယ်ရန်အတွက် သင့်လျော်သည့် နည်းလမ်းများ၊ ဥပဒေများ၊ ညွှန်ကြားချက်များထုတ်ပြန်၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ-၂) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းတွင် ပါဝင်သော ဓာတ်ပစ္စည်းများနှင့်ပတ်သက်၍ စည်းမျဉ်းသတ်မှတ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများတွင်လည်းကောင်း၊ ဆေးလိပ်မီးခိုးငွေ့တွင်လည်းကောင်း ပါဝင်သောဓာတ်ပစ္စည်းများကို တိုင်းတာရန်နှင့် စစ်ဆေးရန် နိုင်ငံအလိုက် သင့်လျော်သည့်နည်းလမ်းများ၊ ဥပဒေများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ခ-၃) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတွင်ပါဝင်သော ဓာတ်ပစ္စည်းအမျိုးအစား၊ ပမာဏကို ဖော်ပြရန် စည်းမျဉ်းသတ်မှတ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူများ၊ တင်သွင်းသူများသည် မိမိတို့ ထုတ်လုပ်တင်သွင်းသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းနှင့် ဆေးလိပ်မီးခိုးငွေ့တွင်ပါဝင်သော အဆိပ်ဓာတ်ပစ္စည်း အမျိုးအစား၊ ပမာဏနှင့်ပတ်သက်၍ အာဏာပိုင်အဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြရန်လည်းကောင်း၊ ပြည်သူလူထုသို့ အသိပေးရန်အတွက်လည်းကောင်း အဖွဲ့ဝင်နိုင်ငံအနေဖြင့် ထိရောက်သော ဥပဒေ၊ ညွှန်ကြားချက်နှင့် နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါမည်။

(ခ-၄) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ထုပ်ပိုးခြင်းနှင့် တံဆိပ်တပ်ခြင်းအတွက် စည်းမျဉ်းသတ်မှတ်ခြင်း။

ဆေးလိပ်၊ ဆေးရွက်ကြီးဘူးခွံတွင် အထုပ်အပိုးများ (ဘူးငယ်တစ်ဘူးချင်းနှင့် ကာတွန်းလိုက်ဘူးကြီးများအားလုံး)အပေါ်တွင် ကျန်းမာရေးဆိုင်ရာ သတိပေးချက်ရုပ်ပုံနှင့် စာသားများကို ထင်ရှားပြတ်သားစွာ အလှည့်ကျဖော်ပြရန်၊ ဆိုးကျိုးအန္တရာယ်လျော့ပါးသည်ဟု အများထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးအသုံးအနှုန်းများ၊ တံဆိပ်အမှတ်အသားများကို မသုံးရန်၊ မဖော်ပြရန်၊ ထို့အပြင် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးလိပ်မီးခိုးငွေ့တွင်ပါဝင်သည့် ဓာတ်ပစ္စည်းများအကြောင်းကိုလည်း အသိပေးဖော်ပြရန် စည်းမျဉ်းများသတ်မှတ်ရမည်ဖြစ်ပါသည်။

(ခ-၅) ကျန်းမာရေးပညာပေးခြင်း၊ သတင်းအချက်အလက်ဖြန့်ဖြူးခြင်း၊ သင်တန်းပေးခြင်းနှင့် ပြည်သူလူထုအတွင်း အသိပညာတိုးပွားစေရန် ဆောင်ရွက်ခြင်း။

ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းနှင့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းတို့ကြောင့်ဖြစ်ရသော ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဒုက္ခများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ ဆေးရွက်ကြီး၏ စွဲစေတတ်သော သဘောသဘာဝကိုလည်းကောင်း အသိပေးရှင်းလင်းခြင်း မီဒီယာမျိုးစုံ အသုံးပြု၍ စသည်တို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(ခ-၆) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာပြုလုပ်ခြင်းတို့ကို ပိတ်ပင်တားမြစ်ခြင်း။

အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ၏ ဥပဒေစည်းမျဉ်းပေါ်တွင် မူတည်၍ ဆေးလိပ်၊ ဆေးရွက်ကြီးကြော်ငြာခြင်း၊ ရောင်းအားမြှင့်တင်ခြင်းနှင့် စပွန်ဆာပြုလုပ်ခြင်းတို့ကို ပိတ်ပင်တားမြစ်သွားရမည်ဖြစ်ပြီး လိုအပ်သော ဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်သွားရမည်ဖြစ်ပါသည်။ ရေဒီယို၊ရုပ်မြင်သံကြား၊ သတင်းစာနယ်ဇင်းများနှင့် အင်တာနက်တို့တွင် ကြော်ငြာခြင်း၊ နိုင်ငံတစ်ခုမှ အခြားနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော်၍ ကြော်ငြာခြင်း၊ နိုင်ငံတကာရေးရာ လှုပ်ရှားမှုများတွင် ဆေးလိပ်၊ ဆေးရွက်ကြီးလုပ်ငန်းများမှ စပွန်ဆာပြုလုပ်၍ ကြော်ငြာခြင်းတို့ကို တားမြစ်ပိတ်ပင်နိုင်ခွင့်ရှိပါသည်။

(ခ-၇) ဆေးလိပ်၊ ဆေးရွက်ကြီး စွဲနေသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ဖြတ်ပေးခြင်းဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုလျော့ကျစေခြင်း။

ဆေးလိပ်၊ ဆေးရွက်ကြီးစွဲနေသူများ သုံးစွဲမှုဖြတ်နိုင်ရန် ကူညီပေးရေးအတွက် မိမိနိုင်ငံ၏ အခြေအနေနှင့် လျော်ညီသည့်နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ထိရောက်သည့် စီမံချက်များကို ကျန်းမာရေးဌာနများ၊ ပညာရေးဌာနများ၊ အလုပ်ရုံများနှင့် အားကစားပတ်ဝန်းကျင်တို့တွင် ထူထောင်ရန်၊ ဆေးလိပ်၊ ဆေးရွက်ကြီး ဖြတ်တောက်ရန်အတွက် လိုအပ်သော နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း လုပ်ငန်း၊ ဆေးကုသပေးခြင်းလုပ်ငန်းတို့တွင် ကျန်းမာရေးဝန်ထမ်းများသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအဖွဲ့အစည်းများလည်း ပါဝင်ဆောင်ရွက်ရန်၊ ဆေးဝါးများလက်လှမ်းမီရရှိရေးအတွက် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်တို့ လိုအပ်မည်ဖြစ်ပါသည်။

၂။ ဆေးလိပ်၊ ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချမှု လျော့ကျစေရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများတွင် အောက်ပါတို့ပါဝင်ပါသည်။

(က) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအား တရားမဝင်ကုန်သွယ်ခြင်းကို ထိန်းချုပ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တရားမဝင်ထုတ်လုပ်မှု၊ အတုအပပြုလုပ်မှု၊ မှောင်ခိုတင်သွင်းရောင်းချမှုတို့ကို ထိန်းချုပ်နိုင်ရန်၊ နိုင်ငံအလိုက်၊ ဒေသအလိုက် နည်းဥပဒေများပြဋ္ဌာန်းသွားရန် လိုအပ်ပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တရားမဝင်ကုန်သွယ်ခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် ဆေးလိပ်ဘူးခွံများ၊ အထုပ်များပေါ်တွင် ထုတ်လုပ်သည့်နိုင်ငံ၊ တင်ပို့ရောင်းချမည့်နိုင်ငံတို့ကို ထင်ရှားစွာဖော်ပြရမည်ဖြစ်ပါသည်။ ဥပမာ "ဤစီးကရက်ကို ---နိုင်ငံ --- ဒေသတွင်သာရောင်းချခွင့်ပြုသည်" ဟူသော စာတန်းပါရှိရပါမည်။

သို့မှသာ နိုင်ငံတစ်နိုင်ငံသို့တင်ပို့လိုက်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသည် တရားမဝင်ဘဲ အခြားနိုင်ငံသို့ ရောက်ရှိသွားပါက ဖမ်းဆီးဖျက်သိမ်းရန် လွယ်ကူမည်ဖြစ်ပါသည်။ ဤသို့ဖော်ပြသော အမှတ်အသားများကို စီးကရက်တင်ပို့ရောင်းချမည့် သက်ဆိုင်ရာနိုင်ငံများ၏ ဘာသာစကားဖြင့် ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တရားမဝင်ထုတ်လုပ်ရောင်းချမှုများနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံအချင်းချင်း သတင်းအချက်အလက် ဖလှယ်ရန်နှင့် တရားဝင်ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်းလည်း ကွန်ဗင်းရှင်းတွင် ဖော်ပြထားပါသည်။

(ခ) ကလေးသူငယ်များအား ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းနှင့် ကလေးသူငယ်များအားဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများရောင်းချစေခြင်းကိုတားမြစ်ခြင်း။

အသက်(၁၈)နှစ်မပြည့်သေးသူများ (သို့မဟုတ်) မိမိနိုင်ငံအလိုက် ကလေးသူငယ်ဟု သတ်မှတ်ထားသူများအား ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းနှင့် ကလေးသူငယ်များအား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချစေခြင်းကို တားမြစ်ရန် လိုအပ်ပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စတိုးဆိုင်များတွင် လွတ်လပ်စွာ ရောင်းချခြင်း၊ စက်ဖြင့်ရောင်းချခြင်း၊ အခမဲ့ဝေငှခြင်း၊ စီးကရက်ကို အလွတ်ရောင်းချခြင်း (သို့မဟုတ်) အထုပ်ငယ်များဖြင့် ရောင်းချခြင်း၊ ကလေးသူငယ်များအား ဆွဲဆောင်ရန်အတွက် စီးကရက်ပုံစံဖြင့် အရုပ်များ၊ မုန့်များ၊ ချိုချဉ်များ ထုတ်လုပ်ရောင်းချခြင်းတို့ကို တားမြစ်ပိတ်ပင်သွားရမည်ဖြစ်ပြီး အဆိုပါ တားမြစ်ချက်များကို ချိုးဖောက်သည့် ထုတ်လုပ်သူများ၊ လက်လီလက်ကားရောင်းချသူများ၊ ဖြန့်ဝေသူများကို ထိရောက်သောပြစ်ဒဏ်ပေးရမည်ဖြစ်ပါသည်။

(ဂ) စီးပွားရေးအရ ရှင်သန်နိုင်မည့် နည်းလမ်းများဖြင့် ထောက်ပံ့ပေးခြင်း။

ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်သူများ၊ ဆေးလိပ်ခုံ၊ စီးကရက်စက်ရုံများတွင် အလုပ်လုပ်သူများနှင့် ဆေးရွက်ကြီးပစ္စည်း တစ်ဦးချင်းရောင်းချသူများကို အခြားလုပ်ငန်းများ ရှာဖွေပေးရန် အဖွဲ့ဝင်နိုင်ငံအချင်းချင်းသော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းအချင်းချင်း သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ဆေးရွက်ကြီးစိုက်ပျိုးခြင်းနှင့် ဆေးလိပ်ထုတ်လုပ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သူများ ကျန်းမာရေးထိခိုက်ခြင်း အန္တရာယ်တို့မှ ကာကွယ်သွားရန်အတွက် အဖွဲ့ဝင်နိုင်ငံများတွင် တာဝန်ရှိကြောင်းနှင့် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကြောင့် ဖြစ်ပွားသည့် ဆိုးကျိုးများနှင့်ပတ်သက်၍ တရားမမှုနှင့် ရာဇဝတ်မှု အမှုအခင်းများ၊ လျော်ကြေးတောင်းဆိုမှုများ ပေါ်ပေါက်လာပါက အရေးယူဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများသည် လိုအပ်ပါက မိမိနိုင်ငံ၏ တည်ဆဲဥပဒေများကို ပြင်ဆင်ရေးသားရေးအတွက် အားပေးရန်နှင့် နိုင်ငံအတွင်း ဖြစ်ပွားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းဆိုင်ရာ အမှုအခင်းများနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံအချင်းချင်း သတင်းအချက်အလက်များဖလှယ်ရန်ကိစ္စများ ပါရှိပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်စီးပွားရေးအခြေအနေ အသွင်ပြောင်းကာလတွင်ရှိနေသော နိုင်ငံများတွင် ကွန်ဗင်းရှင်းပါအချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းဆိုင်ရာ နည်းဗျူဟာများ၊ စီမံချက်များ၊ စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော သိပ္ပံနှင့်နည်းပညာဆိုင်ရာနှင့် ဥပဒေရေးရာ ကျွမ်းကျင်မှုများ ပံ့ပိုးနိုင်ရန် အဖွဲ့ဝင်နိုင်ငံအချင်းချင်း တိုက်ရိုက်သော် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့အစည်းများမှတစ်ဆင့် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရန် ဖော်ပြထားသကဲ့သို့ ကွန်ဗင်းရှင်းပါ မည်သည့်အချက်ကိုမျှ ခြွင်းချက်ခွင့်ပြုမည်မဟုတ်ကြောင်းလည်း ဖော်ပြထားပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသည် နိုင်ငံသူနိုင်ငံသားများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ဖြစ်ပွားသော ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုးကျိုးများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ဆိုးကျိုးများခံစားရခြင်းမှ ထိရောက်စွာ ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသားများအနေဖြင့်လည်း ကွန်ဗင်းရှင်းပါအချက်များကို သိရှိလိုက်နာ၍ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

အသိပေး နှိုးဆော်ချက်

ရွှေဂုံတိုင်လမ်းဆုံတံတားတည်ဆောက်ရေးစီမံကိန်းတွင် ယာယီမြေမီးစင်နှင့် တံတားသံပေါင်များ တပ်ဆင်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေသဖြင့် ရွှေဂုံတိုင်လမ်းဆုံရှိ ကမ္ဘာအေးစေတီလမ်းနှင့် အရှေ့ဘက်ခြမ်း (Excel Tower)ဘက်ခြမ်း၊ ဓမ္မစေတီမီးပွိုင့်မှ ရွှေဂုံတိုင်မီးပွိုင့်ထိလည်းကောင်း၊ ကမ္ဘာအေးစေတီလမ်း အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရွှေဂုံတိုင်မီးပွိုင့်မှ သံဃာ့ဆေးရုံအထိလည်းကောင်း စီမံကိန်းဧရိယာအတွင်း ၂၈-၈-၂၀၁၃ ရက်နေ့မှ ၂၆-၁၀-၂၀၁၃ ရက်နေ့ထိ ရက်သတ္တ ရှစ်ပတ် ခေတ္တပိတ်ထားခဲ့ပါသည်။

ယခုအခါ အဆိုပါယာယီမြေမီးနှင့် တံတားသံပေါင်တပ်ဆင်ပြီးဖြစ်သဖြင့် ရွှေဂုံတိုင်တံတားစီမံကိန်းဧရိယာ (အရှေ့ဘက်၊ အနောက်ဘက်) ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်မီးပွိုင့်မှ သံဃာ့ဆေးရုံအထိနှင့် ရွှေဂုံတိုင်မီးပွိုင့်မှ ဓမ္မစေတီလမ်းဆုံအထိ အမြင့် ၁၀ ပေအောက် မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုလွှတ်တော်စည်းဝေး

ကျေးလက်ဒေသ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၃၀

အလုပ်သမားရေးရာအငြင်းပွားမှုပေါ် ပေါက်ပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ပေါင်း (၃၂၅)ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိအဖွဲ့ (၁၄)ဖွဲ့နှင့် ခုံသမာဓိကောင်စီတို့မှအငြင်းပွားမှုများကို အဆင့်ဆင့်လိုက်နာစစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာအပိုဒ် (၂၄)မှ (၃၃)အထိပါဝင်သော သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ အမှုပေါင်း(၁၀၁၄)မှု၊ တိုင်းဒေသကြီး/ပြည်နယ်ခုံသမာဓိအဖွဲ့များမှ အမှုပေါင်း(၁၀၀)နှင့် ခုံသမာဓိကောင်စီမှ အမှုပေါင်း(၅၂)မှုတို့ကို အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အချိန်ပိုလုပ်ကိုင်စေခြင်းနှင့်ပတ်သက်၍ အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရ (အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)တို့မှ သုံးပွင့်ဆိုင်ဆွေးနွေး သဘောတူညီချက်အရ သာမန်လုပ်ငန်းများအတွက် တစ်ရက် (၃) နာရီနှုန်းနှင့် စနေနေ့(၅)နာရီအပါအဝင်တစ်ပတ်လျှင်နာရီ(၂၀)အဆက်မပြတ်လုပ်ရသော လုပ်ငန်းများအတွက် တစ်နေ့လျှင် (၂) နာရီ မိနစ်(၄၀)နှုန်းဖြင့် ခြောက်ရက်ကို (၁၆) နာရီနှုန်းဖြင့် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အချိန်ပိုခွင့်ပြုချက်တောင်းခံရာတွင် အချိန်ပိုလုပ်ကိုင်ရန်ဆန္ဒရှိသူ အလုပ်သမားများ၏ လက်မှတ်ရေးထိုးထားမှုနှင့်အတူ ပူးတွဲတင်ပြပြီး လိုအပ်ချက်အရ စိစစ်ခွင့်ပြုပေးလျက် ရှိပါကြောင်း။

ခွင့်ပြုပေးထားသည့် အချိန်ပိုနာရီထက်ပိုမလုပ်ရန်နှင့် ညလုံးပေါက် အချိန်ပိုလုပ်ကိုင်ခြင်း မရှိစေရန် စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း၊ ခွင့်ပြုချက်ထက် ကျော်လွန်လုပ်ကိုင်နေမှုရှိပါကလည်း အလုပ်ရှင်များကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး ထပ်မံကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့် ပေးပို့ထားသော **"အာရှဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသော ချေးငွေ အမေရိကန်ဒေါ်လာ သန်း (၆၀)ချေးယူပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက်များ တိုးတက်ကောင်းမွန်ရန်ဆောင်ရွက်ရေးကိစ္စ"** နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရှင်းလင်းတင်ပြရာတွင် ၂၀၁၂ ခုနှစ်အတွင်း လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံသို့လေ့လာရေး Survey Mission များ စေလွှတ်ပြီး လျှပ်စစ်ကဏ္ဍအတွက် သုံးသပ်အကဲဖြတ်ချက် အစီရင်ခံစာကို ရေးဆွဲတင်ပြခဲ့ပါကြောင်း။

လက်ရှိဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်း၌ သုံးစွဲဝန်အားပိုနေသော ဓာတ်အားခွဲရုံများတွင် ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်ခြင်း၊ ဟောင်းနွမ်းနေသော ဓာတ်အားလိုင်းကြိုးများကို အသစ်လဲလှယ်တပ်ဆင်ခြင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်းတွင် မူလကြေးကြိုးအစား လျှပ်တားအခွံပါဝင်သည့် Aerial Bundled Conductor များလဲလှယ်ခြင်းနှင့် Digital မီတာများ အစားထိုးတပ်ဆင်ခြင်းတို့ကို ဓာတ်အားအများဆုံးသုံးစွဲနေသည့် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတို့တွင် ဆောင်ရွက်ခြင်းဖြင့် Technical နှင့် Non Technical Losses နှစ်ခုလုံးအတွက် အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်ရန် ဆောင်ရွက်သင့်သည်ကို အကြံပြုခဲ့ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ်အတိုင်ပင်ခံအဖွဲ့က အဆိုပြုခဲ့သည့်နေရာများတွင် တစ်နှစ်အတွက် ဓာတ်အားသုံးစွဲမှုယူနစ်သန်းပေါင်း(၂၀၀၀)ခန့်ရှိနေပြီး Distribution အပိုင်းတွင် ဓာတ်အားပျောက်ဆုံးမှုသည် ပျမ်းမျှ(၁၈) ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ယင်းဘဏ်၏ချေးငွေဖြင့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ Digital မီတာ(၅) သောင်းကျော် တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ ပြီးစီးမည့် ၂၀၁၆ ခုနှစ်တွင် စီမံကိန်းနယ်မြေအတွင်း ပါဝင်သည့် မြို့နယ်များ၏ ဓာတ်အားလိုင်းပျောက်ဆုံးမှုမှာ (၄)ရာခိုင်နှုန်းခန့်လျှော့ချနိုင်မည်ဟု ပညာရှင်များကတွက်ချက်ထားပါကြောင်း။

လျှော့ချနိုင်မည့်ဓာတ်အားလိုင်းပျောက်ဆုံးမှုပမာဏသည် ယူနစ်သန်းပေါင်း(၉၈)သန်းခန့်ဖြစ်ပြီး ယင်းပမာဏကို အခြားဒေသများတွင် ဓာတ်အားပိုမိုသုံးစွဲစေနိုင်ခြင်းဖြင့် တစ်ယူနစ်ပျမ်းမျှ ရောင်းဈေး(၇၁) ကျပ်ဖြင့် တွက်ပါက တစ်နှစ်ဝင်ငွေကျပ်သန်း(၆၉၅၈)ခန့် ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးများတွင် လက်ရှိဓာတ်အားဖြန့်ဖြူးရာ၌ ပင်မထရန်စဖော်မာများ၊ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာများ ဝန်အားပိုခြင်း၊ ဝန်အားပြည့်နေခြင်းများနှင့် ဓာတ်အားလိုင်းကြိုးများတွင် ဝန်အားပိုစီးဆင်းမှုများကြောင့် ဗို့အားကျဆင်းမှုအခြေအနေသည် နည်းပညာအရခွင့်ပြုနိုင်သော အတက်အကျ (၁၀)ရာခိုင်နှုန်းထက် ပိုမိုကျဆင်းမှုများရှိနေပါကြောင်း။

စီမံကိန်းကို(၁၈)လအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် ညှိနှိုင်းထားပါကြောင်း၊ ချေးငွေရယူမည့် သဘောတူညီချက်အနေဖြင့် ဆိုင်းငံ့ကာလ(၈)နှစ်၊ ပြန်ဆပ်ကာလ(၂၄) နှစ်ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ ဆိုင်းငံ့ကာလအတွင်း (၁)ရာခိုင်နှုန်းနှင့် ပြန်ဆပ်ကာလအတွင်း (၁ ဒသမ ၅) ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းတွင် မြို့နယ်နှင့်ကျေးရွာများကို ဓာတ်အားတိုးချဲ့ပေးနိုင်ရေးနှင့် လက်ရှိဖြန့်ဖြူးထားသော ဧရိယာအတွင်း၌ ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ရေး လုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် နှစ်စဉ်စီမံကိန်းနှင့်(၅)နှစ်စီမံကိန်းများ၌ ထည့်သွင်းလျာထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏မူနှင့် အခြေခံသဘော ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ပြည်သူများကိုယ်တိုင်ပါဝင်သော ဖွံ့ဖြိုးရေးစီမံချက် (Participatory Village Development Plan) များကို ဦးစားပေးရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသနေ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝတန်းတူညီမျှ တိုးတက်စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေး၊ စိုက်ပျိုးရေးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ကျေးလက်ဒေသ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဖြည့်စွက်ခွင့်ပြုငွေကို သာမန်အသုံးစရိတ်အနေဖြင့် ကျပ်(၆၈၀၉ ဒသမ ၂၉၇)သန်းနှင့် ထောက်ပံ့ငွေ၊ ပြည်ပအကူအညီ အသုံးစရိတ်အနေဖြင့် ကျပ်(၆၆၅၄ ဒသမ ၅၅၆)သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ကျပ် (၃၉၈၈၅ ဒသမ ၆၆၀)သန်း စုစုပေါင်းကျပ်(၅၃၃၄၉ ဒသမ ၅၂၃)သန်း တင်ပြတောင်းခံခဲ့ခြင်း ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံလိုအပ်သော လစာငွေ၊ ဆောင်ရွက်ဆဲလုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ထပ်မံလိုအပ်ငွေ သာမန်အသုံးစရိတ်တွင် ကျပ်သန်းပေါင်း(၃၉၅၉ ဒသမ ၇၂၃)နှင့် ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကျပ်သန်းပေါင်း(၂၅၃၀၇ ဒသမ ၈၃၁)ကို နောက်ထပ်ဘဏ္ဍာငွေခွဲဝေချထားပေးရန် တင်ပြတောင်းခံခဲ့ပါကြောင်း။

နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေချထားပေးရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာနအတွက် ကျပ်သန်းပေါင်း (၂၃၈၇ ဒသမ ၇၄၄)၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်သန်းပေါင်း(၂၅၁၉၆ ဒသမ ၅၂၂)ကိုနောက်ထပ်ဘဏ္ဍာငွေခွဲဝေချထားပေးရန် တင်ပြတောင်းခံထားပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ BE တွင်ပါဝင်သည့် လုပ်ငန်း(၂)ခု၊ ၂၀၁၂-၂၀၁၃ BE တွင် ပါဝင်သည့် လုပ်ငန်း(၁၈)ခု၊ ၂၀၁၂-၂၀၁၄ BE တွင် ပါဝင်သည့် လုပ်ငန်း(၂၀)၊ ၂၀၁၁-၂၀၁၂ BE တွင် ပါဝင်သည့် လုပ်ငန်း(၂)ခု စုစုပေါင်းလုပ်ငန်း(၄၂)ခု၊ လုပ်ငန်းသစ်(၁) ခု၊ ဆေးဘက်ဆိုင်ရာ ကိရိယာများနှင့် လူနာတင်ယာဉ်များ ဝယ်ယူခြင်းတို့အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၂၅၁၉၆ ဒသမ ၅၂၂)ကို တင်ပြတောင်းခံထားပါကြောင်း။

ဆေးသိပ္ပံပညာဦးစီးဌာနအတွက် သာမန်အသုံးစရိတ်တွင် ကျပ်သန်းပေါင်း(၁၂၅၂ ဒသမ ၆၆၂)၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်သန်းပေါင်း(၁၃ ဒသမ ၄၀၀) ကို နောက်ထပ်ဘဏ္ဍာငွေခွဲဝေချထားပေးရန် တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ပတ်သက်၍ လုပ်ငန်း(၃)ခုတင်ပြထားပါကြောင်း၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)အတွက် သာမန်အသုံးစရိတ်တွင် ကျပ်သန်းပေါင်း (၂၅၁ ဒသမ ၁၆၀)၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်သန်းပေါင်း (၃၀ ဒသမ ၀၀၀) ကို နောက်ထပ်ဘဏ္ဍာငွေခွဲဝေချထားပေးရန် တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ပတ်သက်၍ လုပ်ငန်း(၁)ခုတင်ပြထားပါကြောင်း၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) အတွက် သာမန်အသုံးစရိတ်တွင် ကျပ်သန်းပေါင်း(၄၉ ဒသမ ၃၀၂)ကို ထောက်ဘဏ္ဍာငွေခွဲဝေချထားပေးရန် တင်ပြတောင်းခံထားပါကြောင်း။

တိုင်းရင်းဆေးပညာဦးစီးဌာနအတွက် သာမန်အသုံးစရိတ်တွင် ကျပ်သန်းပေါင်း (၁၈ ဒသမ ၈၅၅)၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ကျပ်သန်းပေါင်း(၆၇ ဒသမ ၉၀၉)ကို နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေချထားပေးရန် တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ပတ်သက်၍ ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ ကျေးရွာများသို့ တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက Nippon Foundation မှ ထောက်ပံ့ငွေဖြင့် လုပ်ငန်းသုံးမော်တော်ဆိုင်ကယ် (၆၈) စီးအတွက် ကျပ်သန်း(၆၇ ဒသမ ၉၀၉)ကို တင်ပြထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးသန့်ဇင်က ဘုန်းတော်ကြီးပညာရေးကျောင်းများတွင် အထွေထွေအခက်အခဲများ၊ အကျပ်အတည်းအမျိုးမျိုးကြောင့် ဆက်လက်ရပ်တည်နိုင်ရန် နိုင်ငံတော်၏ ကူညီထောက်ပံ့မှုလိုအပ်ပါသဖြင့် လာမည့်ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ပိုမိုကူညီထောက်ပံ့နိုင်ရန် လျာထားသတ်မှတ်ပေးသင့်ကြောင်း။

ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးတို့တွင် ခွင့်ပြုငွေ အပြည့်အဝ အသုံးပြုခြင်း ရှိ/မရှိ မူလခွင့်ပြုငွေဖြင့် အမှန်တကယ်လုံလောက်မှု ရှိ/မရှိ၊ ငွေအသုံးပြုသော်လည်း ပစ္စည်းအရည်အသွေး မှန်ကန်မှု ရှိ/မရှိကို ကြပ်မတ်စစ်ဆေးရန်လိုအပ်ပါကြောင်း၊ စာရွက်ပေါ် စစ်ဆေးရုံမဟုတ်ဘဲ လုပ်ငန်းတစ်ခုခြင်းစီအလိုက် ကွင်းဆင်းစစ်ဆေးသင့်ပါကြောင်း၊ သို့မှသာ မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုချင်းအလိုက်လည်း ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သမဝါယမဝန်ကြီးဌာန၏ နောက်ထပ်ခွဲဝေမှု ကျပ် (၁၀၂ ဒသမ ၁၅၄) ဘီလီယံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim ဘဏ်၏ချေးငွေ ဒေါ်လာသန်း (၁၀၀)အား အခြေပြု၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရန် ရည်ရွယ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ချေးငွေထုတ်ပေးရာတွင်လည်း သမဝါယမ စနစ်ဟောင်း၊ ခေတ်ဟောင်းက ကျင့်သုံးခဲ့သည့် ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေမျိုးအတွက်ဆိုသည့်မူကို ရှောင်ပြီး အမှန်တကယ်လိုအပ်သောသူ၊ ချေးငွေအသုံးချ၍ ဘဝအဆင့်မြင့်မားအောင် ဆောင်ရွက်နိုင်သူကို မူအရ ဦးစားပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ်၌ လူစီးအထူးတွဲဆိုင်းဖြည့်စွက်

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာ့မီးရထားသည် ရန်ကုန်မြို့တော်နေ ခရီးသွားလုပ်သားပြည်သူများ အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် ခေတ်မီသစ်လွင်သောမြို့ပတ်တွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲလျက်ရှိရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့ မှစ၍ အထူးရထားတွဲဆိုင်းတစ်ဆိုင်းဖြင့် အောက်ဖော်ပြပါအချိန်တို့တွင် သက်ဆိုင်ရာမြို့ပတ်ဘူတာတို့မှ ထွက်ခွာ/ ရောက်ရှိမည့်အချိန်စာရင်းအား ဘူတာများတွင် ကြေညာထားကြောင်းသတင်းရရှိသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ်ပြေးဆွဲမည့်တွဲဆိုင်းအချိန်စာရင်း

ရထားအမှတ်	ခရီးစဉ်	ခရီးစဘူတာထွက်ချိန်	ခရီးဆုံးဘူတာရောက်ချိန်
၉-၁	အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်	၀၅း၀၀	၀၆း၅၀
၉-၂	ရန်ကုန်-အင်းစိန်	၀၆း၅၅	၀၇း၅၀
၉-၃	အင်းစိန်-လှော်ကား	၀၇း၅၅	၀၈း၃၅
၉-၄	လှော်ကား-အင်းစိန်	၀၈း၄၅	၀၉း၂၅
၉-၅	အင်းစိန်-ရန်ကုန်	၀၉း၃၀	၁၀း၂၅
၉-၆	မြို့ပတ်(ဝဲရစ်)	၁၀း၄၅	၁၃း၃၅
၉-၇	မြို့ပတ်(ဝဲရစ်)	၁၃း၄၀	၁၆း၃၀
၉-၈	မြို့ပတ်(ဝဲရစ်)	၁၆း၄၀	၀၉း၃၀
၉-၉	ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန်	၁၉း၃၅	၂၁း၂၅

မြန်မာ့မီးရထား

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည့်သူ့လွှတ်တော်ဥက္ကဋ္ဌ လွှတ်တော်များသို့ လာရောက်လေ့လာသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ လာရောက်လေ့လာသည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကွန်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၁၆၀၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၂၆၇ ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၂၂၂ ဦးတို့အား လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင်တွင် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် လွှတ်တော်ဝင်းအတွင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၁-၁၀-၂၀၁၃ (ကြာသပတေးနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၁း၁၀ ဆိုကြမယ်၊ ပျော်ကြမယ်
၂း၄၅ သက်တံရောင်သံစဉ်
၃း၁၅ သုခုမရင်ခွင် အငြိမ့်သဘင် "ပေါ်ဦးအငြိမ့်အဖွဲ့" (မင်းသမီး-ဝမ်းကေဇင်၊လူရွှင်တော်-ပေါ်ဦး၊ အောင်ချစ်၊ လိမ်မ၊ ပိုင်ကျော်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၃၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပို့ချချက် -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၈း၃၅ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၈း၄၅ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ခေါင်းဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးကိုကိုထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိန္ဒိယကြည်းတပ်ဦးစီးချုပ် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အိန္ဒိယနိုင်ငံကြည်းတပ်ဦးစီးချုပ် General Bikram Singh သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။(အပေါ်ပုံ)

(သတင်းစဉ်)

❖မြန်မာနပန်းမှ

တစ်လကြာ သွားရောက်လေ့ကျင့်ခဲ့ပြီး မြန်မာနပန်းအဖွဲ့မှာ ဆီးဂိမ်းအတွက် လေ့ကျင့်မှုပိုမိုထိရောက်စေရန် ပြုလုပ်ခဲ့သည်။ နောက်ဆုံးအဆင့် ပြင်ဆင်မှုအဖြစ် မြန်မာနပန်းအဖွဲ့သည် ပဏာမလက်ရွေးစင်များထဲမှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီးလေးဦးကို ရွေးချယ်ကာ ကမ္ဘောဒီးယားနိုင်ငံသို့ ဆယ်ရက်ကြာသွားရောက်လေ့ကျင့်ခဲ့သည်။

(၂၆)ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့သော မြန်မာနပန်းအဖွဲ့အနေဖြင့် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်၏ဇနီးနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bikram Singh ၏ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်၏ဇနီးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြ၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မာထွန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❏ကျောဖုံးမှ

အဆိုပါပြိုင်ပွဲကို အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်တို့နှင့်အတူ ပါဝင်နေသည်။ အုပ်စု(ခ)တွင် ကမ္ဘောဒီးယား၊ လာအိုနှင့် မလေးရှားတို့ ပါဝင်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်၊ နည်းပြ-ဦးညီညီလတ်၊ နည်းပြချုပ်-ဂက်ဖရိုင်းဒရစ်(ဂျာမနီ)၊ လက်ထောက်နည်းပြ ဦးသန်းဝေ၊ ဂိုးနည်းပြ-ဦးမြကိုမင်း၊ ဂိုး-စိုးအာကာ၊ ပြည့်လျှံအောင်၊ နောက်တန်း-နန္ဒကျော်၊ နိုင်လင်းထွန်း၊ နောင်နောင်လတ်၊ မျိုးကိုထွန်း၊ ထိုက်ထိုက်အောင်၊ အောင်ဟိန်းစိုးဦး၊ ကျော်ကျော်စိုး၊ အလယ်တန်း-ရှိုင်းသူရ၊ စိုင်းနေဝန်း၊ အောင်မြတ်စိုး၊ ရန်နိုင်ဦး၊ စိုးမင်းထွန်း၊ ဇင်ဖြိုးအောင်၊ ငြိမ်းချမ်းအောင်၊ ရှေ့တန်း-မောင်မောင်စိုး၊ သန်းပိုင်၊ မောင်မောင်လွင်နှင့် ခန့်ကိုကိုစိုးတို့ ပါဝင်ကြသည်။ မြန်မာအသင်းမှာ ပွဲဦးထွက် ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

●မြန်မာယူ-၂၃ မှ

အောင်သူတို့ အဝေးကန်ချက်များဖြင့် ဂိုးပေါက် ခြိမ်းခြောက်ခဲ့သော်လည်း ကန်ချက်များ ဘေးထွက်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း ကစားကွက် ပိုမိုကောင်းမွန်လာခဲ့ကာ ချီတမ်အသင်းဘက်သို့ ပိုမိုထိုးဖောက်လာနိုင်ခဲ့သည်။ ၅၉ မိနစ်တွင် ဒေးဗစ်ဒန်း၏ ဧရိယာအတွင်း ဆွဲဝင်ကန်သွင်းချက်ကို ဂိုးသမားလက်စွမ်းပြ ပုတ်ထုတ်သွားခဲ့သည်။ ပွဲချိန် ၆၂မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်လည်ရရှိခဲ့ပြီး ကျော်မင်းဦးကွင်းလယ်မှ မတင်ပေးသည့် ဘောလုံးအား ဒေးဗစ်ဒန်း ဧရိယာအတွင်းသို့ ပြန်ချီးချပေးရာ နောက်မှအသင့်လိုက်ပါလာသည့် ကြည်လင်းက ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်းအနိုင်ဂိုးရရှိရန် အခွင့်အရေးရရှိခဲ့ပြီး တိုက်စစ်မှူးကောင်းစည်သူက နောက်ခံလူနှစ်ဦးနှင့် ယှဉ်ပြေးကာ ချီးပေးလိုက်သည့် ဘောလုံးကို ကြည်လင်း အပိုင်ကန်သွင်းခဲ့သော်လည်း ဘားတန်းကျော်သွားခဲ့သဖြင့် ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီသရေဖြင့်သာ ကျေနပ်ခဲ့ရသည်။ (မောင်မောင်ဇော်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကချင်ပြည်နယ် ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးမနာမ်တူးဂျာပါ ၁၇ ဦးတို့က လျှောက်ထားသည့် တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားသားများအတွက် တစ်ခါသုံးဆင်းကတ်များ ရောင်းချမည်

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံသို့ ခေတ္တလာရောက်လည်ပတ်သော နိုင်ငံခြားသားများ ဆက်သွယ်မှုလွယ်ကူစေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တစ်ခါသုံး (One Time) GSM Prepaid SIM ကတ်များကို တစ်ကတ်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး နိုင်ငံကူးလက်မှတ် (Passport) ပြသဝယ်ယူရမည်ဖြစ်ကြောင်းသိရသည်။

တစ်ခါသုံး(One Time) GSM Prepaid SIM ကတ်များ၏ သက်တမ်းကာလမှာ တစ်လဖြစ်၍ ပြည်တွင်းခေါ်ဆိုမှု မိနစ် ၅၀၊ ခေါ်ဆိုမည့်နိုင်ငံပေါ်မူတည်၍ ပြည်ပခေါ်ဆိုမှုအများဆုံး ၁၉ မိနစ်ထိ သုံးစွဲနိုင်မည်ဖြစ်ပြီး Local SMS Service နှင့် Internet အသုံးပြုနိုင်မည့် Mobile Data Service များ ပါဝင်မည်ဟုသိရသည်။

သက်တမ်းကာလ တစ်လအတွင်း ငွေထပ်မံဖြည့်တင်း၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

(သတင်းစဉ်)

မှာပေါ်တွင် ၂၀ ရာစုနောက်ပိုင်း မိုးလေဝ
အထူးအခွင့်အရေးအနေဖြင့် နောက်ကျန်ထ
ကြုံတွေ့ရမည့် မိုးလေဝသရာသီဥတုတို့ကို ပြည်သူများသိ

မေး။ ယခုတလောမြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့
အခြေအနေနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်

ဖြေ။ အခု အောက်တိုဘာနဲ့ နိုဝင်ဘာလတို့ဟာ မုန်တိုင်
ရာသီကာလဖြစ်ပါတယ်။ ဒါပေမယ့် အောက်တိုဘာ၊ နိ
တွေမှာ နှစ်တိုင်း မုန်တိုင်းဖြစ်လားဆိုတော့ မဖြစ်ပါဘူ
ရင်လည်း ကျွန်တော်တို့ နိုင်ငံထဲကို ဝင်တဲ့နှစ်တွေရှိသ
နှစ်တွေလည်း ရှိပါတယ်။ ဒါပေမယ့် အောက်တိုဘာ၊ နိ
မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဖြတ်တဲ့ ရာခိုင်နှုန်းက
နှုန်းရှိပါတယ်။ ပြီ၊ မေလတွေမှာ မြန်မာ့ကမ်းရိုးတန်းက
ဖြတ်တဲ့ ရာခိုင်နှုန်းက ၂၇ ရာခိုင်နှုန်းရှိပါတယ်။

ဒါကြောင့် အောက်တိုဘာ၊ နိုဝင်ဘာမှာ မြန်မာ့ကမ်
မုန်တိုင်းဖြတ်သန်းမှု ဒုတိယအများဆုံးကာလဖြစ်ပါတ
အောက်တိုဘာနဲ့ နိုဝင်ဘာမှာ မုန်တိုင်းဖြစ်နိုင်ခြေအ
တယ်လို့ ကျွန်တော်တို့ ခန့်မှန်းချက် ထုတ်ပြန်ထ
ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း
ပေါ်နိုင်ပြီး တစ်ကြိမ်ကတော့ မုန်တိုင်းဖြစ်မယ်ဆိုတာ
ထုတ်ပြန်ထားတဲ့အတိုင်း ဖြစ်ပေါ်လာပါတယ်။

အဲဒီလိုမျိုး အောက်တိုဘာမှာ မုန်တိုင်းဖြစ်
ထူးခြားတဲ့ ဖြစ်စဉ်မဟုတ်ဘူး။ သို့သော် အောက်
မုန်တိုင်းဖြစ်ပြီး အိန္ဒိယနိုင်ငံဘက်ခြမ်းကို သွားပြီးတေ
ကမ်းပေါ် မုန်တိုင်းရောက်ပြီးတော့ မြန်မာနိုင်ငံကို
ဝင်ရောက်တာက ထူးခြားပါတယ်။ အဲဒီလိုမျိုးအရင်က
မလာဖူးပါဘူး။ ဒီနှစ်ထူးထူးခြားခြားဝင်လာတယ်။

မေး။ ဘာကြောင့် ထူးထူးခြားခြား ဝင်ရောက်လာသ
ပြောပြပေးပါဦး။

ဖြေ။ ဘာကြောင့် ဝင်ရောက်လာသလဲဆိုတော့
လေးသောင်းခွဲမှာ တိုက်တဲ့လေက အနောက်ကနေ
တိုက်တယ်။ မုန်တိုင်းကြောင့်ဖြစ်ပေါ်နေတဲ့ မိုးတိမ်တေ
အိန္ဒိယဘက်ခြမ်းကနေ ကျွန်တော်တို့ နိုင်ငံဘက်ခြမ်းက
ဝင်ရောက်လာတာဖြစ်တဲ့အတွက် မိုးရွာသွန်းမှု ဖြစ်
ကြုံတွေ့ရခြင်းဖြစ်ပါတယ်။

ဒီလိုပြန်လည်ဝင်ရောက်လာတဲ့ မိုးတိမ်တောင်တွေ
နိုင်ငံအလယ်ပိုင်းဒေသကနေ ဖြတ်သန်းပြီး တေ
ပင်လယ်ပြင်ဘက်ကို ထွက်ခွာသွားရမှာဖြစ်တယ်။
အခုလက်ရှိ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသာမက
ဒေသတွေမှာ မိုးရွာသွန်းမှုတွေဖြစ်ပေါ်စေခြင်းက အ
အရှေ့ကိုတိုက်တဲ့ လေစီးကြောင်းကို အရှေ့ကနေ အ
တိုက်လာတဲ့ လေအေးစီးကြောင်းတွေက ထိုးခွဲသွား
မုန်တိုင်းနဲ့အတူပါလာတဲ့ မိုးတိမ်တောင်တွေကို ထိုး
အတွက် တစ်ပိုင်းက တောင်တရုတ်ပင်လယ်ပြင်ကို ရွေ
ပေမယ့် ကျန်တဲ့တစ်ပိုင်းက မြန်မာနိုင်ငံအောက်ပိုင်း
နေတစ်ဆင့် ဘင်္ဂလားပင်လယ်အော်ထဲကို ပြန်လည်
သွားပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအောက်ပိုင်းနဲ့ အလယ်ပိုင်း
အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေကို ကြုံတွေ့နေ
တယ်။ ဒီလိုဖြစ်စဉ်ကို ကျွန်တော်တို့အနေနဲ့ နှစ်ပေါ
အတွင်းမှာ ပထမဦးဆုံးအကြိမ် တွေ့ရခြင်းဖြစ်တယ်။

မေး။ အခုလို ဖြစ်စဉ်တွေကို ဘင်္ဂလားပင်လယ်
ဒေသတစ်ခုတည်းမှာ တွေ့ရတာလား။ ဒါမှမဟုတ်
နေရာဒေသတွေမှာပါ တွေ့ကြုံရပါသလားဆိုတာ
ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ကျွန်တော်တို့ ဒေသရပ်ဝန်းတစ်ခုတည်းသာ ကြုံ
မဟုတ်ပါဘူး။ ဥရောပနိုင်ငံတွေမှာ လက်ရှိအချိန်
ဆိုပေမယ့် မိုးရွာသွန်းမှုတွေကို ကြုံတွေ့နေရပါတယ်။
ဒေသအနှံ့မှာ အရင်ကနှင့်မတူတဲ့ ရာသီဥတုဖောက်ပြ
ကြုံတွေ့ခံစားနေရပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာဆိုရင် အခုနှစ်ကစပြီး ထင်
ခံစားနေရပြီ။ အထူးသဖြင့် အလယ်ပိုင်းဒေသက ပြည်သူ
ဒီလိုအချိန်မှာ အခုလောက် မိုးရွာသွန်းမှုကို မကြုံတွေ့

ကျွန်တော်တို့လည်း မတွေ့ကြုံခဲ့ဖူးဘူး။ အခုနှစ်
ဘာက စပြီးတွေ့ရတယ်။ ဒါလေးကို ကျွန်တော်တို့အားလုံ
စေချင်ပါတယ်။ နောက်နှစ်တွေမှာ အခုလိုမျိုး အစွန်းရေ
ဝသဖြစ်စဉ်တွေကို ကြုံတွေ့နိုင်ပါတယ်။ ဒါကလည်း
လုံးရဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ကျွန်တော်တို့
ကြုံတွေ့လာရတာ ဖြစ်ပါတယ်။

နောင်ဆိုရင် လူမှုရေး၊ စီးပွားရေးနဲ့ ဘာသာရေး
လုပ်တဲ့အခါမှာ ဒီပြောင်းလဲတဲ့ ရာသီဥတုကြောင့် ဖြစ်
အစွန်းရောက် မိုးလေဝသဖြစ်စဉ်တွေကို သတိပြ
ကျွန်တော်တို့ ဌာနအနေနဲ့လည်း ပြည်သူတွေကို ရာသီ
ပြောင်းလဲမှုတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်
နိုင်အောင် သတင်းမီဒီယာများနဲ့ ချိတ်ဆက်ဆောင်ရွက်

မေး။ အစွန်းရောက်မိုးလေဝသဖြစ်စဉ်ကို ဘာကြောင့်
ရပါသလဲ။

ဖြေ။ ဘာကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်လို့

မြန်မာ့ မြေပေါ်တွင် ၂၀ ရာစုနောက်ပိုင်း မိုးလေဝသဆိုင်ရာ စိန်ခေါ်မှုမျိုးစုံကို ကြုံတွေ့နေရသည်။ ထိုပြောင်းလဲမှုဖြစ်စဉ်ကို ယခင်က မိမိတို့နိုင်ငံအနေဖြင့် တွေ့ကြုံခံစားရမှုနည်းပါးခဲ့သော်လည်း အထူးအခွင့်အရေးအနေဖြင့် နောက်ကျန်ထားခဲ့ခြင်းမရှိသည်ကို ယခုနှစ်ဆန်းပိုင်းမှစတင်၍ ခံစားနေရပြီဖြစ်ပေသည်။ လတ်တလော သိသိသာသာခံစားနေရသည့် မုန်တိုင်းအခြေအနေနှင့် ကြုံတွေ့ရမည့် မိုးလေဝသရာသီဥတုတို့ကို ပြည်သူများသိရှိနိုင်စေရန်အတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ကျော်ကို ယခုလို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

အစွန်းရောက်ရာသီဥတုများနှင့် ပြောင်းလဲနေသော ရာသီစက်ဝန်းများ



သတင်းဆောင်းပါး - သုရဇော်(သတင်းစဉ်)

မေး။ လတ်တလောမြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ မိုးလေဝသ အခြေအနေနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။

ဖြေ။ အခု အောက်တိုဘာနဲ့ နိုဝင်ဘာလတို့ဟာ မုန်တိုင်းရဲ့ ဒုတိယ ရာသီကာလဖြစ်ပါတယ်။ ဒါပေမယ့် အောက်တိုဘာ၊ နိုဝင်ဘာလ တွေမှာ နှစ်တိုင်း မုန်တိုင်းဖြစ်လားဆိုတော့ မဖြစ်ပါဘူး။ ဖြစ်ပြန် ရင်လည်း ကျွန်တော်တို့ နိုင်ငံထဲကို ဝင်တဲ့နှစ်တွေရှိသလို မဝင်တဲ့ နှစ်တွေလည်း ရှိပါတယ်။ ဒါပေမယ့် အောက်တိုဘာ၊ နိုဝင်ဘာမှာ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဖြတ်တဲ့ ရာခိုင်နှုန်းက ၁၄ ရာခိုင် နှုန်းရှိပါတယ်။ ဧပြီ၊ မေလတွေမှာ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်း ဖြတ်တဲ့ ရာခိုင်နှုန်းက ၂၇ ရာခိုင်နှုန်းရှိပါတယ်။

ဒါကြောင့် အောက်တိုဘာ၊ နိုဝင်ဘာမှာ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဖြတ်သန်းမှု ဒုတိယအများဆုံးကာလဖြစ်ပါတယ်။ အခုနှစ် အောက်တိုဘာနဲ့ နိုဝင်ဘာမှာ မုန်တိုင်းဖြစ်နိုင်ခြေအများကြီးရှိ တယ်လို့ ကျွန်တော်တို့ ခန့်မှန်းချက် ထုတ်ပြန်ထားပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ် ပေါ်နိုင်ပြီး တစ်ကြိမ်ကတော့ မုန်တိုင်းဖြစ်မယ်ဆိုတာကို ကြိုတင် ထုတ်ပြန်ထားတဲ့အတိုင်း ဖြစ်ပေါ်လာပါတယ်။

အဲဒီလိုမျိုး အောက်တိုဘာမှာ မုန်တိုင်းဖြစ်ပေါ်တာက ထူးခြားတဲ့ ဖြစ်စဉ်မဟုတ်ဘူး။ သို့သော် အောက်တိုဘာမှာ မုန်တိုင်းဖြစ်ပြီး အိန္ဒိယနိုင်ငံဘက်ခြမ်းကို သွားပြီးတော့ အိန္ဒိယ ကမ်းပေါ် မုန်တိုင်းရောက်ပြီးတော့ မြန်မာနိုင်ငံကို ပြန်လည် ဝင်ရောက်တာက ထူးခြားပါတယ်။ အဲဒီလိုမျိုးအရင်ကဝင်ရောက် မလာဖူးပါဘူး။ ဒီနှစ်ထူးထူးခြားခြားဝင်လာတယ်။

မေး။ ဘာကြောင့် ထူးထူးခြားခြား ဝင်ရောက်လာသလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ဘာကြောင့် ဝင်ရောက်လာသလဲဆိုတော့ အမြင့်ပေ လေးသောင်းခွဲမှာ တိုက်တဲ့လေက အနောက်ကနေ အရှေ့ကို တိုက်တယ်။ မုန်တိုင်းကြောင့်ဖြစ်ပေါ်နေတဲ့ မိုးတိမ်တောင်တွေက အိန္ဒိယဘက်ခြမ်းကနေ ကျွန်တော်တို့ နိုင်ငံဘက်ခြမ်းကို ပြန်လည် ဝင်ရောက်လာတာဖြစ်တဲ့အတွက် မိုးရွာသွန်းမှု ဖြစ်စဉ်တွေကို ကြုံတွေ့ရခြင်းဖြစ်ပါတယ်။

ဒီလိုပြန်လည်ဝင်ရောက်လာတဲ့ မိုးတိမ်တောင်တွေက မြန်မာ နိုင်ငံအလယ်ပိုင်းဒေသကနေ ဖြတ်သန်းပြီး တောင်တရုတ် ပင်လယ်ပြင်ဘက်ကို ထွက်ခွာသွားရမှာဖြစ်တယ်။ ဒါပေမယ့် အခုလက်ရှိ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသာမက အောက်ပိုင်း ဒေသတွေမှာ မိုးရွာသွန်းမှုတွေဖြစ်ပေါ်စေခြင်းက အနောက်ကနေ အရှေ့ကိုတိုက်တဲ့ လေစီးကြောင်းကို အရှေ့ကနေ အနောက်ကို တိုက်လာတဲ့ လေအေးစီးကြောင်းတွေက ထိုးခွဲသွားတဲ့အတွက် မုန်တိုင်းနဲ့အတူပါလာတဲ့ မိုးတိမ်တောင်တွေကို ထိုးခွဲလိုက်တဲ့ အတွက် တစ်ပိုင်းက တောင်တရုတ်ပင်လယ်ပြင်ကို ရွေ့လျားသွား ပေမယ့် ကျန်တဲ့တစ်ပိုင်းက မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေက နေတစ်ဆင့် ဘင်္ဂလားပင်လယ်အော်ထဲကို ပြန်လည်ဝင်ရောက် သွားပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေကို ကြုံတွေ့နေရခြင်းဖြစ်ပါ တယ်။ ဒီလိုဖြစ်စဉ်ကို ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်းသုံးဆယ် အတွင်းမှာ ပထမဦးဆုံးအကြိမ် တွေ့ရခြင်းဖြစ်တယ်။

မေး။ အခုလို ဖြစ်စဉ်တွေကို ဘင်္ဂလားပင်လယ်အော်ရပ်ဝန်း ဒေသတစ်ခုတည်းမှာ တွေ့ရတာလား။ ဒါမှမဟုတ် တခြားသော နေရာဒေသတွေမှာပါ တွေ့ကြုံရပါသလားဆိုတာလေးလည်း ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ကျွန်တော်တို့ ဒေသရပ်ဝန်းတစ်ခုတည်းသာ ကြုံတွေ့နေရတာ မဟုတ်ပါဘူး။ ဥရောပနိုင်ငံတွေမှာ လက်ရှိအချိန်က နွေဥတု ဆိုပေမယ့် မိုးရွာသွန်းမှုတွေကို ကြုံတွေ့နေရပါတယ်။ ကမ္ဘာ့နေရာ ဒေသအနှံ့မှာ အရင်ကနှင့်မတူတဲ့ ရာသီဥတုဖောက်ပြန်မှုတွေကို ကြုံတွေ့ခံစားနေရပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာဆိုရင် အခုနှစ်ကစပြီး ထင်ထင်ရှားရှား ခံစားနေရပြီ။ အထူးသဖြင့် အလယ်ပိုင်းဒေသက ပြည်သူတွေဆိုရင် ဒီလိုအချိန်မှာ အခုလောက် မိုးရွာသွန်းမှုကို မကြုံတွေ့ဖူးဘူး။

ကျွန်တော်တို့လည်း မတွေ့ကြုံခဲ့ဖူးဘူး။ အခုနှစ် အောက်တို ဘာက စပြီးတွေ့ရတယ်။ ဒါလေးကို ကျွန်တော်တို့အားလုံး မှတ်ထား စေချင်ပါတယ်။ နောက်နှစ်တွေမှာ အခုလိုမျိုး အစွန်းရောက်မိုးလေ ဝသဖြစ်စဉ်တွေကို ကြုံတွေ့နိုင်ပါတယ်။ ဒါကလည်း တစ်ကမ္ဘာ လုံးရဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ကျွန်တော်တို့တွေလည်း ကြုံတွေ့လာရတာ ဖြစ်ပါတယ်။

နောင်ဆိုရင် လူမှုရေး၊ စီးပွားရေးနဲ့ ဘာသာရေးပွဲတော်တွေ လုပ်တဲ့အခါမှာ ဒီပြောင်းလဲတဲ့ ရာသီဥတုကြောင့် ဖြစ်ပေါ်လာမယ့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်တွေကို သတိပြုရပါမယ်။ ကျွန်တော်တို့ ဌာနအနေနဲ့လည်း ပြည်သူတွေကို ရာသီဥတုဖြစ်ပေါ် ပြောင်းလဲမှုတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်အသိပေး နိုင်အောင် သတင်းမီဒီယာများနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။

မေး။ အစွန်းရောက်မိုးလေဝသဖြစ်စဉ်လို့ ဘာကြောင့် ခေါ်ဝေါ်ရပါသလဲ။

ဖြေ။ ဘာကြောင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်လို့ ကျွန်တော် သုံးစွဲရခြင်းက အရင်က အခုလိုမဖြစ်ဘူးဗျာ။ အခုဖြစ်တယ်ဆိုတော့ အရင်ရဲ့ ပုံမှန်မဟုတ်တော့ အစွန်းရောက်တဲ့ သဘောကို ဆိုလိုတဲ့ အတွက် ခေါ်ဝေါ်ရခြင်းဖြစ်ပါတယ်။ အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်တွေမှာ အလွန်မိုးခေါင်တာမျိုးနဲ့ အလွန်မိုးများတာမျိုးတွေကို ကြုံတွေ့နိုင်ပါတယ်။

ဒါ့အပြင် မိုးရွာချိန်မှာ မိုးမရွာတာမျိုး၊ အေးမယ့်အချိန်မှာ ပူတာမျိုးနဲ့ ပူမယ့်အချိန်မှာ အေးတာမျိုးတွေကို ခံစားရနိုင်ပါတယ်။ ဒါတွေကတော့ အစွန်းရောက်ရာသီဥတုကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်တွေဖြစ်ပေါ်လာတယ်။ အခုလိုမျိုးဖြစ်စဉ်တွေကို ပြည်သူများအနေနဲ့ ယခုမှ စတင်ပြီး နောင်နှစ်ပေါင်း ၅၀၊ ၁၀၀ အထိကြုံတွေ့ရတော့မှာဖြစ်ပါတယ်။ ဒါတွေဟာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကို ကိုယ်တိုင်ကြုံတွေ့ခံစားလာရခြင်း ကြောင့် ဖြစ်ပါတယ်။

မေး။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် ဘာကြောင့်ဖြစ်ပေါ်လာသလဲဆိုတာကိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ကမ္ဘာ့ရာသီဥတုဖြစ်စဉ်ပြောင်းလဲခြင်းရဲ့ အဓိကတရားခံက တော့ လူသားတွေကြောင့် ဖြစ်ပါတယ်။ စက်မှုတော်လှန်ရေးပြီး တဲ့နောက်ပိုင်းမှာ နည်းပညာတွေအလွန်တိုးတက်လာပါတယ်။ ၂၀ ရာစုနောက်ပိုင်းမှာ ပိုတိုးတက်လာတယ်။ တိုးတက်လာမှုနဲ့အတူ စက်မှုပစ္စည်းတွေအများကြီးထုတ်လုပ်တဲ့အတွက် လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ပေါင်းများစွာ ထုတ်လွှတ်တဲ့အတွက် ကမ္ဘာ့လေထုမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်အလွှာတစ်ခု ထပ်တိုး လာပါတယ်။

နေမှတစ်ဆင့် ကမ္ဘာကို နေရောင်ခြည်ပို့လွှတ်တဲ့အခါမှာ ကမ္ဘာ့လေထုကို ထိုးဖောက်ပြီး ဝင်ရောက်လာနိုင်ပေမယ့် ကမ္ဘာ့မြေ မျက်နှာပြင်ကို ထိပြီးပြန်ကန်ထွက်တဲ့အချိန်မှာတော့ ကာဗွန်ဒိုင် အောက်ဆိုဒ်အလွှာကို မထိုးဖောက်နိုင်တဲ့အတွက် ၎င်းအလွှာနဲ့ ကမ္ဘာ့မြေမျက်နှာပြင်အကြား အထက်အောက်ကူးသန်းသွားလာ နေတဲ့အတွက် အပူချိန်တွေတိုးလာပြီး ကမ္ဘာ့ဝင်ရိုးစွန်းဒေသ ရေခဲပြင်များ အရည်ပျော်ကျခြင်းမှတစ်ဆင့် သမုဒ္ဒရာမျက်နှာပြင် ပိုမိုမြင့်တက်လာကာ ကမ္ဘာ့အပူပိုင်းဒေသဖြစ်တဲ့ အီကွေတာရပ်ဝန်း ဒေသတွေမှာရှိတဲ့ ပင်လယ်အော်၊ ပင်လယ်နဲ့ သမုဒ္ဒရာတွေရဲ့ ဂုဏ်သတ္တိတွေက ပြောင်းလဲလာပါတယ်။ ပြောင်းလဲမှုဖြစ်စဉ်က နေတစ်ဆင့် အဲဒီပင်လယ်နဲ့ သမုဒ္ဒရာတွေထဲက မိုးလေဝသကို ဖြစ်ပေါ်စေမယ့် ရေငွေ့ပြန်မှုတွေက ပြောင်းလဲလာတဲ့အတွက် မုန်တိုင်းဖြစ်ပေါ်မှုလက္ခဏာတွေ ပြောင်းလဲလာတယ်။

ဒီပြောင်းလဲမှုအကျိုးဆက်ကြောင့် ယခင်က မုန်တိုင်းဖြစ်ရင် ကိုယ့်ဆီကို ဒီအစွန်းရောက်မိုးလေဝသဖြစ်စဉ်တွေဖြစ်မယ့် မိုးတိမ် တောင်တွေမလာဘူး။ သူဝင်ရောက်တိုက်ခတ်မယ့်နေရာမှာ မိုးရွာ သွန်းပြီး ပြီးသွားတယ်။ ကုန်းတွင်းပိုင်းကိုလည်း ဝင်ရောက်မလာ တော့ ဘာပြဿနာမှမရှိခဲ့ဘူး။ အခုတော့ လေစီးကြောင်းတွေ ပြောင်းလဲတဲ့အတွက် မုန်တိုင်းဝင်တော့ တခြားဘက်မှာ မုန်တိုင်း အကျိုးဆက်ဖြစ်တဲ့ ရေကြီးခြင်း၊ မိုးများခြင်းတွေကို ဒီဘက်ခြမ်းက ခံစားရတယ်။

မေး။ ပြောင်းလဲလာတဲ့ရာသီကို ဘယ်လိုတုံ့ပြန်ရင်ဆိုင်ရမယ်ဆိုတာနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ရာသီဥတုပြောင်းလဲမှုကို ပြုလုပ်တာက လူသားတွေဖြစ်ပြီး အဓိကကတော့ စက်မှုထွန်းကားတဲ့ နိုင်ငံကြီးများရဲ့ ကာဗွန်ဒိုင် အောက်ဆိုဒ်ထုတ်လွှတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ကို ကမ္ဘာတစ်ဝန်းက လူသားတွေ မျှဝေခံစားရခြင်းဖြစ်ပါတယ်။ ကမ္ဘာ့ ခေါင်းဆောင်တွေက ရာသီဥတုဆိုင်ရာ သဘောတူညီချက်တွေရဖို့ ကြိုးစားကြပါတယ်။ ဒါပေမယ့် ရဖို့ အရမ်းခဲယဉ်းပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ကျွန်တော်တို့အနေနဲ့ လိုက်လျောညီထွေနေနိုင်အောင် လိုအပ်တဲ့ ဥပဒေတွေရရှိဖို့အတွက် လွှတ်တော်မှာ တင်ပြဆွေးနွေးနေပါတယ်။

ဒီဥပဒေကြောင့် ကိုယ့်နိုင်ငံက ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုပမာဏကို ထိန်းချုပ်နိုင်သလို ဒေသတွင်းနိုင်ငံကြီး များရဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကြောင့် ဖြစ်ပေါ်လာ မယ့် ရာသီဥတုဖောက်ပြန်မှုတွေကို လိုအပ်သလို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ကိုင်နိုင်မှ အသိပညာပေးမှုတွေနဲ့ အစွန်း ရောက်ရာသီဥတုကြောင့် ထိခိုက်လာမယ့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွေမှာ လိုအပ်တဲ့ နည်းပညာတွေကို ဖြည့်တင်းနိုင်မှာ ဖြစ်ပါတယ်။

မေး။ အခုလို မိုးလေဝသဖောက်ပြန်မှုတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေနဲ့ ပတ်သက်ပြီးတော့ကော ရှင်းပြပေးနိုင်မလားခင်ဗျာ။

ဖြေ။ မိုးနဲ့ဆောင်းရောတဲ့လက္ခဏာ၊ ဆောင်းနဲ့နွေရောတဲ့လက္ခဏာ၊ နွေနဲ့ မိုးရောတဲ့လက္ခဏာတွေဖြစ်ပေါ်လာနိုင်တယ်။ အခုလက်ရှိမှာ တော့ နွေနဲ့မိုးရောတဲ့လက္ခဏာရှိပေမယ့် နောက်ပိုင်းမှာ ကျန် လက္ခဏာနှစ်ခုလည်း ထပ်တိုးလာနိုင်ပါတယ်။ ဆောင်းနဲ့ နွေရောတဲ့လက္ခဏာက ဘာလဲဆိုတော့ ဆောင်းမှာ ခါတိုင်းနှစ်များ လောက် မချမ်းတော့တာကို ဆိုလိုပါတယ်။ အခုနှစ် နိုဝင်ဘာလ အတွက် ခန့်မှန်းချက်တွေအရ နှစ်ပေါင်းသုံးဆယ်ပျမ်းမျှ ညအပူ ချိန်များအောက်ကို မကျတာတွေ့ရတယ်။ ဖြစ်မြဲအပူချိန်နဲ့ ဖြစ်မြဲ အပူချိန်ခန့် ပိုမယ်ဆိုတဲ့အတွက် နိုဝင်ဘာလမှာ မုန်တိုင်းဖြစ် ပေါ်မှုအလားအလာများကို တွေ့ရတယ်။

မုန်တိုင်းဖြစ်ပေါ်မှုကြောင့် မြန်မာနိုင်ငံမှာ မိုးရွာဦးမယ်။ မိုးရွာသွန်းမှုကြောင့် နိုဝင်ဘာလအတွင်းမှာ ရိတ်သိမ်းမယ့် စပါး စိုက်ခင်းတွေ ပျက်စီးဆုံးရှုံးနိုင်တဲ့အတွက် တောင်သူလယ်သမားတွေ အနေနဲ့ မိုးလုံလေလုံ သိုလှောင်ရုံနဲ့ ရိတ်သိမ်းခြွေလှေ့စက်များ လိုအပ်လာမှာဖြစ်ပါတယ်။ ဒါကလည်း အစွန်းရောက်မိုးလေဝသ ကြောင့် လယ်ယာလုပ်ငန်းခွင်မှာ ပြောင်းလဲမှုတွေဖြစ်ပေါ်လာရ ခြင်းဖြစ်ပါတယ်။

မေး။ အခုနှစ် ဒီဇင်ဘာလမှာကော မိုးရွာသွန်းမှု ဖြစ်ပေါ်နိုင်ပါ သလား။

ဖြေ။ ဒီနှစ် ဒီဇင်ဘာလထဲမှာ မိုးရွာသွန်းမှုတွေဖြစ်ပေါ်နိုင်ပါ တယ်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာ အဖြစ် များပါမယ်။ မိုးရွာသွန်းမှုများကြောင့် ရက်အနည်းငယ်လောက် အပူချိန်လျော့ကျသွားနိုင်ပါတယ်။ မိုးရွာပြီး အပူချိန် သုံးရက်ခန့် လျော့နည်းလာမယ်။ ပြီးရင် အပူချိန်တိုးလာတဲ့အတွက် ရေငွေ့ပြန်မှု တိုးလာပြီး မိုးရွာသွန်းမှုပြန်လည်ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါကြောင့် ဒီနှစ်ဆောင်းရာသီကို အခုလိုကျော်ဖြတ်ရဖို့များပါတယ်။ ဒီနှစ် ဆောင်းဥတုကိုတော့ နှစ်လလောက်ပဲခံစားရမှာပါ။

မေး။ လာမယ့် နွေရာသီမှာ အပူချိန်တိုးနိုင်ခြေရှိပါသလား။

ဖြေ။ ဒီနှစ်က အယ်နီညိုနဲ့ လာနီညာနှစ်မဟုတ်တဲ့အတွက် အလွန်အမင်းလည်း မပူဘူး။ အစွန်းရောက်အောင်လည်း မပူဘူး။ ပုံမှန်နွေရာသီ အပူချိန်ပဲရှိပါမယ်။ ဧပြီနဲ့ မေလထဲမှာ ဘင်္ဂလား ပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်ရင် မိုးအဝင်စော နိုင်ပါတယ်။ လေဖိအားနည်းရပ်ဝန်းနောက်ကျရင်တော့ မိုးနောက် ကျနိုင်ပါတယ်။ ရက်ရှည်ခန့်မှန်းချက်ထုတ်ပြန်တဲ့ မိုးလေဝသဌာန များရဲ့ ထုတ်ပြန်မှုများအရ လာမယ့် မတ်၊ ဧပြီနဲ့ မေလများမှာ အလွန်အမင်း အပူချိန်မတိုးဘဲ ပုံမှန်နွေအပူချိန်တိုင်းရှိမယ်လို့ အခုလ ၂၀ ရက်က ထုတ်ပြန်ထားပါတယ်။

မေး။ အခုလို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ပင်လယ် ရေလုပ်သားတွေကို ဘယ်လိုပြင်ဆင်ထားသင့်တယ် ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။

ဖြေ။ ဆောင်းဝင်ပြီဆိုတာနဲ့ ရေလုပ်သားတွေက ငါးပိုမို ဖမ်းမိနိုင် တဲ့အတွက် ကမ်းဝေးပင်လယ်ပြင်ကို ထွက်ပြီး ဖမ်းကြတာများပါ တယ်။ အရင်က ဆောင်းတွင်း ကမ်းဝေးပင်လယ်ပြင်မှာ ငါးဖမ်း ထွက်နိုင်သော်လည်း ယခုနှစ်ဆောင်းတွင် ဘင်္ဂလားပင်လယ်အော် အတွင်း မုန်တိုင်းများဖြစ်ပေါ်သည့်အတွက် မိုးလေဝသ သတိပေး ထုတ်ပြန်ချက်များကို အမြဲမပြတ်နားထောင်သင့်ပါတယ်။

ကျွန်တော်တို့ဌာနကလည်း ၄၈ နာရီကြိုတင်အသိပေးသွား မှာဖြစ်ပါတယ်။ အခုလာမယ့် နိုဝင်ဘာလထဲမှာလည်း မုန်တိုင်း ဖြစ်ပေါ်နိုင်ခြေများတဲ့အတွက် မိုးလေဝသသတိပေးချက်များ ရရှိ ပါက ကမ်းနီးကို ပြန်လည်ဝင်ရောက်ခြင်းဖြင့် ကြိုတင်ကာကွယ် နိုင်ပါတယ်။ ယခုနှစ် လပေါင်း ၁၂ လအတွင်း မုန်တိုင်းမဖြစ် ပေါ်တဲ့လမရှိဘဲ အရေအတွက် အနည်းအများသာ ကွာခြားတဲ့ အတွက် နောက်နှစ်တွေလည်း ဖြစ်ပေါ်နိုင်ခြေများပါတယ်။ အရင်က နှစ်ပေါင်းသုံးဆယ်တွင် တစ်ခါဖြစ်ပွားခဲ့သော်လည်း ယခုအခါ ဆယ်နှစ် (သို့မဟုတ်) ငါးနှစ်အတွင်း မုန်တိုင်းဖြစ်ပေါ်နိုင် သည့်အတွက် ရေလုပ်သားများအနေဖြင့် မိုးလေဝသဌာနမှ ထုတ်ပြန်သတိပေးချက်များရရှိပါက သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်လည်း တင်ပြလိုပါတယ်။

နောင်နှစ်ပေါင်း ၁၀၀ အတွင်း မူမမှန်သော မိုးလေဝသအခြေ အနေများကို ပင်လယ်ပြင်အတွင်း မကြာခဏ ကြုံတွေ့နိုင်ပါ တယ်။ ဒါကြောင့် ပင်လယ်နဲ့ အသက်မွေးဝမ်းကျောင်းပြုကြသူ တွေနဲ့ ကမ်းနီးပင်လယ်ပြင်မှာ နေထိုင်ကြသူတွေအနေနဲ့ မိုးလေ ဝသနဲ့ ရာသီဥတုဆိုင်ရာ အသိပညာများရှိနေဖို့ လိုအပ်ပါတယ်။ လိုအပ်တယ်ဆိုပါကလည်း ကျွန်တော်တို့က လာရောက်ဆွေးနွေး ပြောပြပေးနိုင်ပါတယ်။

ရေလုပ်သားတွေနဲ့ တောင်သူလယ်သမားများသာမက အစွန်း ရောက်မိုးလေဝသအခြေအနေတွေကြောင့် ကျန်းမာရေးဝန်ထမ်း တွေနဲ့ ပြည်သူတွေပါ မိုးလေဝသသတိပေးချက်တွေကို နားထောင် ပြီး လိုအပ်တဲ့ဆေးဝါးနဲ့ စားနပ်ရိက္ခာတွေကို ကြိုတင်စုဆောင်း ထားရှိနိုင်ပါတယ်။ ပြည်သူတွေအနေနဲ့ ခရီးသွားရာမှာလည်း မိမိတို့သွားရောက်မယ့်ဒေသရဲ့ ရာသီဥတုဖြစ်ပေါ်မှုအခြေအနေ ကို လေ့လာဆန်းစစ်ပြီး သွားရောက်ပါက လိုရာခရီးကို စိတ်အေး ချမ်းသာစွာ သွားလာနိုင်မှာဖြစ်ပါတယ်။ ဘာကြောင့် ခရီးသွား လာမှုကို ပြောရသလဲဆိုရင် အခုကာလက အရင်ကဆိုရင် ပွင့်လင်းကာလဖြစ်ပြီး ရာသီဥတုသာယာတဲ့အတွက် ခရီးထွက် ကြတာများပါတယ်။ ဒါကြောင့် ပြည်သူများအပန်းဖြေခရီးသွား ရာမှာ မိုးလေဝသကြောင့် အချိန်ကုန် လူပင်ပန်းမှုမရှိစေရန် ကြိုတင်သတိပေးရခြင်းဖြစ်ပါတယ်။

ဒါ့အပြင် မကြာခင်ကာလမှာ ကျွန်တော်တို့နိုင်ငံက အိမ်ရှင် နိုင်ငံအဖြစ် လက်ခံကျင်းပမယ့် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအတွက်လည်း မိုးလေဝသဆိုင်ရာ သတိပေးချက်တွေကို နေ့စဉ်ထုတ်ပြန်ပေးနေပါတယ်။ ဒါမှလည်း နိုင်ငံတော်အဆင့် အခမ်းအနားကြီးကို အချိန်ကိုက် ကျင်းပနိုင်မှာဖြစ်ပါတယ်။

မေး။ နောင်မှာ မိုးလေဝသဆိုင်ရာ သတိပေးထုတ်ပြန်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်နိုင်အောင် အစီအစဉ်ရှိပါသလား။ ရှင်းပြပေးပါဦး။

ဖြေ။ အခု ကျွန်တော်တို့ မိုးလေဝသဌာနအနေနဲ့ ရာသီဥတုဆိုင်ရာ သတိပေးထုတ်ပြန်ချက်တွေကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်နေသလို လာမယ့် ၂၀၁၄ ခုနှစ်မှာတော့ မိုဘိုင်းဖုန်းတွေ အတွင်းကို မိုးလေဝသဆိုင်ရာ သတိပေးထုတ်ပြန်ချက်တွေ ပို့ပေး နိုင်အောင် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေပါ တယ်။ မိုးလေဝသသတိပေးထုတ်ပြန်ချက်များကို အခမဲ့ပေးပို့ သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားကနေ ထုတ်လွှင့်နေတဲ့ တောင်သူလယ်သမားရုပ်သံလိုင်းမှတစ်ဆင့် ဆွေးနွေးခန်းတွေနဲ့ Talk Show တွေကို စီစဉ်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

မေး။ လေစီးကြောင်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမယ့် လေကြောင်းပို့ဆောင်ရေးအပိုင်းကို ရှင်းပြပေးပါဦး။

ဖြေ။ ဒီလိုရာသီဥတုပြောင်းလဲမှုတွေကြောင့် လေစီးကြောင်း ပြောင်းလဲ မှုဖြစ်စဉ်တွေက အများကြီးဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် လေယာဉ်ဆင်းတက်ချိန်မှာ ရုတ်တရက် လေကြောင်း ပြောင်းလဲမှုတွေကြောင့် ထိခိုက်မှုတွေကိုလည်း ကြုံတွေ့နိုင်ပါ တယ်။ ဒီပြောင်းလဲလာတဲ့ ရာသီဥတုဖြစ်စဉ်တွေကြောင့် ကမ္ဘာ တစ်ဝန်းက နေရာဒေသအနှံ့မှာ အကျိုးသက်ရောက်မှု များစွာ ရှိလာနိုင်တဲ့အတွက် ပုံမှန်ကာလများကဲ့သို့ မှတ်ယူမထားဘဲ မိုးလေဝသ သတိပေးချက်များကို သတိပြုပေးကြဖို့ လိုအပ်ပါ တယ်လို့ ပြောချင်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ∎

အကြင်နာနှလုံး အပြုံးကရုဏာ မုဒိတာနှင့် . . . .

ဆရာသောင်း
(ရမည်းသင်း)

ဩော်. . . နိုင်ငံ့ဝန်ထမ်းတွေဟာ အသက်(၆၀)ပြည့်လို့ ပင်စင်ယူကြပြီဆိုမှဖြင့် ‘ဘဝရဲ့နေညိုချိန်’ ကိုရောက်ကြရပြီပေါ့။

နိုင်ငံတော်အစိုးရတွေ အနေနဲ့ကတော့ ပင်စင်စားတွေကို ဒီအတိုင်း ပစ်မထားတတ်ကြပါဘူး။ လစာတွေ အဆင့်ဆင့်တိုးပေးခဲ့ကြသလို ပင်စင်ထုတ်ရက်ကိုလည်း တဖြည်းဖြည်းတိုးမြှင့်ပေးခဲ့ကြပါတယ်။ အထူးသဖြင့် ဒီမိုကရေစီ အစိုးရသစ်လက်ထက်မှာ ပင်စင်စားတွေကို ပင်စင်လစာ အဆမတန်တိုးပေးတဲ့အပြင် အရင်က ပင်စင်လျှောက်လွှာကိုကြိုတင်ပြီးမှ ချိန်းတဲ့ရက်မှာ ပင်စင်လာထုတ်ရတဲ့ ပင်စင်စာအုပ်အစား အခုဆိုရင် ဘဏ်ဖွင့်ရက်တိုင်းမှာ(ဘယ်နေ့ဖြစ်ဖြစ်)‘စမတ်ကတ်’ပြလိုက်တာနဲ့ကွန်ပျူတာ မှာ စိစစ်ပြီး မိနစ်ပိုင်းအတွင်းမှာ e-Pension စနစ်နဲ့ ငွေထုတ်ပေးတော့မှာမို့ အကြာကြီး မစောင့်ရတော့ဘူးဆိုတဲ့ သတင်းကောင်းကို ကြားရကတည်းက ဝမ်းသာလွန်းလို့ ‘အိပ်၍မပျော်သောညတွေ’ များခဲ့ပါပြီ။

သို့သော်လည်းပေါ့လေ. . ပင်စင်စားဆိုတာကတော့ ထုံးစံအတိုင်း ကြံ့ကြံ့ဖန်ဖန်ကို အားငယ်နေတတ်ကြတာပဲ မဟုတ်လား။ သက်ကြီးရွယ်အို ဘဝကိုရောက်ပြီး အိုမင်းမစွမ်းဖြစ်ကြလို့ အပယ်ခံထားကြရတဲ့ ‘အိုပယ်ကြီး’ တွေဟာ ကြင်နာတတ်တဲ့နှလုံး၊ ပြုံးရွှင်တဲ့မျက်နှာ၊ ချိုသာတဲ့စကားတွေနဲ့ အေးမြတဲ့မေတ္တာ စေတနာတွေကို တောင့်တမိတာကတော့ အမှန်ပါ။

ဒီလို မေတ္တာတွေ၊ စေတနာတွေ၊ အပြုံးတွေ ငတ်မွတ်နေတဲ့ အချိန်မျိုးမှာ ‘ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်’ ကိုသွားပြီး ပင်စင်ထုတ်တဲ့ နေ့က ‘မင်္ဂလာပါရှင်’ ဆိုတဲ့ အသံသာသာတွေနဲ့ အပြုံးချိုချိုလေးတွေကို ကြားလိုက်မြင်လိုက်ရတဲ့အခါ အို . . . အကြင်နာနှလုံးသားထဲကလာတဲ့ ကရုဏာအပြုံးလေးတွေဟာ ပင်ပန်းနွမ်းနယ်နေသူတွေရဲ့ ဘဝအမောတွေကို တကယ်ပဲပြေပျောက်သွားစေပါလားလို့ အံ့ဩဝမ်းသာ ပီတိဖြာမိခဲ့ပါတယ်။

ရေငတ်နေသူတွေအတွက် အခြားအစားအစာတွေထက် ရေဟာ အကောင်းဆုံး အာဟာရဖြစ်သလို အပြုံးငတ်နေသူတွေအတွက်လည်း အခြားအရာတွေထက် အပြုံးဟာ အကောင်းဆုံးအားဆေးတစ်ပါးဆိုတာ အခုတော့ ကိုယ်တိုင်ကိုယ်ကျ သိလိုက်ရပါပြီ။

အကြိမ်ပေါင်း(၉၀)ကျော် ပုံနှိပ်ခဲ့ရပြီး စာအုပ်ရေ ၃၅ သိန်းကျော် ရောင်းရတဲ့အထိ ကမ္ဘာကျော်ခဲ့တဲ့ အမေရိကန်စာရေးဆရာကြီး ‘ဒေးကာနက်ဂျီ’ ရဲ့ How to Win Friends & Influence People ဆိုတဲ့စာအုပ်ကို ဦးနုဘာသာပြန်ထားတဲ့ ‘မိတ္တဗလဋီကာ’ စာအုပ်ထဲမှာ ‘ပြုံးခြင်းသည် ဘာမျှမပင်ပန်းဘဲနှင့် အလွန်တာသွား၏။ ပြုံးသောသူတွင် ဘာမျှလျော့မသွားဘဲနှင့် အပြုံးခံရသူတွင် အများကြီးရလိုက်၏။ ပြုံးခြင်းသည် လျှပ်တစ်ပြက်ခန့်သာ ကြာသော်လည်း တစ်ခါတစ်ရံ ထိုအပြုံးကို တစ်သက်လုံးမမေ့နိုင်။ ပြုံးခြင်းနှင့်ကင်း၍ နေနိုင်လောက်အောင် ချမ်းသာကြွယ်ဝသူဟူ၍မရှိ။ ထိုပြုံးခြင်း၏ အကျိုးကို မခံစားနိုင်လောက်အောင် ဆင်းရဲသူဟူ၍လည်းမရှိ။ ပြုံးခြင်းသည် မည်သူကိုမဆို ချမ်းသာသုခကိုပေး၏။ မောပန်းနေသူကို အမောပြေစေ၏။ စိတ်အားငယ်သူကို စိတ်အားတက်စေ၏။ ဝမ်းနည်းနေသူကို ဝမ်းသာစေ၏။ မပြုံးနိုင်လောက်အောင် ပင်ပန်းနွမ်းနယ်နေသူထက် ပြုံးခြင်းကိုပို၍ အလိုရှိသောသူမရှိပါ’. . လို့ ဒါကြောင့်ရေးထားတာကိုး။ ဒါကြောင့်လည်း ကမ္ဘာကျော်ခဲ့တာကိုး။

အဲဒီနေ့က . . . ဘဏ်မန်နေဂျာကိုယ်တိုင် ဘဏ်ရှေ့ထွက်ပြီး အခြားဝန်ထမ်းတွေနဲ့အတူ ပင်စင်စားတွေကို ပြုံးပြုံးရွှင်ရွှင်နဲ့ ဆောင်ရွက်ပေးနေလို့ မိနစ်ပိုင်းအတွင်း ငွေထုတ်ပြီးတဲ့အခါမှာ ‘ကျွန်မတို့ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းတွေဟာ ဌာနဆိုင်ရာအားလုံးရဲ့ ငွေသွင်းငွေထုတ်ကိစ္စတွေ၊ ဘဏ်ငွေစာရင်းကိစ္စတွေကို အမှားအယွင်းမရှိ အဆင်ပြေချောမွေ့အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေသလို ဘဏ်ချေးငွေလုပ်ငန်းတွေ၊ ဘဏ်ငွေလွှဲငွေထုတ်လုပ်ငန်းတွေနဲ့ ငွေစုဘဏ်လုပ်ငန်းတွေကိုလည်း အမြန်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် အထူးကြိုးစားဆောင်ရွက်ပေးနေကြပါပြီ။

အထူးသဖြင့် သက်ကြီးရွယ်အို ပင်စင်စားတွေအပေါ်မှာ အေးမြတဲ့ မေတ္တာ၊ ကိုယ်ချင်းစာ အကြင်နာထားတဲ့ ကရုဏာအပြုံးလေးတွေနဲ့ စေတနာထားပြီး ဆောင်ရွက်ပေးနေသလို နိုင်ငံ့တာဝန်တွေကို အပြစ်ကင်းစင်စွာနဲ့ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြလို့ အငြိမ်းစားလစာတွေကို ရရှိခဲ့ကြတဲ့ ပင်စင်စားတွေအပေါ်မှာလည်း လေးစားတန်ဖိုးထားတဲ့ မုဒိတာအပြုံးတွေနဲ့ ဆောင်ရွက်ပေးနေတာဟာ တကယ့်စေတနာအမှန်တွေပါ။ အခုဆိုရင် မကျန်းမာလို့ ဘဏ်ကိုမလာရောက်နိုင်တဲ့ ပင်စင်စားတွေကို တောရောမြို့ပါ အိမ်တိုင်ရာရောက်သွားပြီး လူတွေ့စစ်ဆေးတာတွေ၊ ပင်စင်ထုတ်ပေးတာတွေ ဆောင်ရွက်ပေးနေတဲ့အပြင် စမတ်ကတ်အသစ် ရောက်ရှိသူတွေကိုလည်း ကျေးရွာတွေအထိ သွားရောက်ထုတ်ပေးနေပြီဆိုတာ မိဘပြည်သူတွေ သိစေချင်ပါတယ်ရှင်’လို့ မန်နေဂျာကိုယ်တိုင် စိတ်ရှည်လက်ရှည် အပြုံးမပျက် ရှင်းပြနေပါသေးတယ်။

အင်း . . တကယ်လို့များ . . . တစ်သက်လုံးမှ သုံးခါသာပြုံးခဲ့တဲ့ ‘ရမည်းသင်းမြို့စားသီလဝ’ သာ အခုအချိန်မှာ ရှိဦးမယ်ဆိုရင် တစ်သက်လုံး အမှတ်တရဖြစ်စေမယ့် ဒီအမှတ်တမဲ့ မြင်ကွင်းလေးနဲ့ မြင်လိုက်ကြားလိုက်ရလို့ကတော့ . . အို . . . ဘယ်နည်းနဲ့မှ မပြုံးဘဲနေနိုင်မှာမဟုတ်ဘူးလို့သာ ဆိုလိုက်ချင်ပါတော့တယ်ဗျာ. . . ။

ဒါကြောင့်မို့ . . . အခုလို အကြင်နာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေနဲ့ စေတနာထားပြီး ဆောင်ရွက်ပေးနေတဲ့ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းတွေအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစွာနဲ့ နိုင်ငံ့တာဝန်တွေကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေ၊ လစာတွေလည်း ပုဂ္ဂလိကဘဏ်ဝန်ထမ်းများလို မြင့်မြင့်မားမား ထိုက်ထိုက်တန်တန်တိုးမြှင့်ခံစားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂုဏ်ပြုရေးသားလိုက်ရကြောင်းပါ။

‘ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများရဲ့ ပင်စင်စားအပေါ် ထားရှိပါသော အကြင်နာနှလုံး၊ အပြုံးကရုဏာ၊ မုဒိတာနှင့် ဆင့်ကာဆင့်ကာစေတနာကို ရင်မှာပီတိဝွမ်းဆီထိပမာ ဖြစ်မိပါ၍ သာဓုအခါခါ ခေါ်ရပါသော်. . . ဩော်. . ကောင်းလေစွ၊ ကောင်းလေစွ’။ ။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မန်းရေနံမြေတံတားရေလယ်တိုင်တစ်ခုနိမ့်ဆင်း တာပေါင်တစ်ခုကျိုးပေါက်

မင်းဘူး အောက်တိုဘာ ၃၀

ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းရေနံမြေ တံတားအောက်ခြေရေလယ်တိုင်တစ်ခု နိမ့်ဆင်းသွားပြီး ကျောက်စံကျေးရွာနှင့် သံကန်တန်း (၇)ကြားရှိ တာပေါင်တစ်ခုကျိုးပေါက်သွားကြောင်းသိရသည်။

အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ မကွေးတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းဘူးမြို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ)ရှိ မန်းချောင်းတံတားကိုဖြတ်၍ တည်ဆောက်ထားသော မန်းချောင်းတံတား၏ အောက်ခြေရေလယ်တိုင်တစ်ခုမှာ ချောင်းရေတိုက်စားမှုကြောင့် မြေကျွံနိမ့်ဆင်းသွားခဲ့သည်။ ထို့ကြောင့် အဆိုပါတံတားပေါ်သို့ ကားများ ဖြတ်သန်းခွင့်မပြုတော့ဘဲ လူများ၊ ဆိုင်ကယ်များသာ ခွင့်ပြုထားကြောင်း ဒေသခံတစ်ဦးကပြောသည်။

အဆိုပါတံတားကို ၁၉၇၅ ခုနှစ်က တည်ဆောက်ခဲ့ပြီး တံတားအကျယ် ၁၄ ပေ ခြောက်လက်မ၊ အရှည် ပေ ၃၆၀၊ ခံနိုင်ဝန်မှာ တန် ၄၀ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန်းရေနံမြေအတွင်းရှိ ကျောက်စံကျေးရွာနှင့် သံကန်တန်း (၇)ကြားရှိတာပေါင်တစ်ခုလည်းကျိုးပေါက်သွားသဖြင့် ကွဲချရွာနှင့်မန်းကျိုးရွာတို့မှ စိုက်ပျိုးထားသော ခရမ်းချဉ်ခင်းများ ပျက်စီးသွားကြောင်း ဒေသခံတစ်ဦးက ပြောသည်။

“အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲလောက်မှာ မန်းချောင်းရေကျလာပြီး တာပေါင်ကျိုးပေါက်သွားခဲ့ပါတယ်။ ရွှေစက်တော်ကကျတဲ့ရေတွေပါ။ နေအိမ်အပျက်အစီး မရှိပါဘူး။ လူနဲ့တိရစ္ဆာန် အသေအပျောက်မရှိဘူး။ မြေဆီးတွေ ရေထဲပါလာတာတွေ့ရတယ်။ ဒီတာပေါင်က မန်းရေနံမြေထဲက ရေနံတွင်းတွေ မြစ်ရေအတက်ကြမ်းတဲ့အခါ ရေမမြုပ်အောင် တည်ဆောက်ထားတာပါ။ ဒီတာပေါင်ကြီးက နှစ်ပေါင်းများစွာကြာနေတော့ ရေဒဏ်ကိုမခံနိုင်တော့ဘူး။ ချောင်းရေကအားပြင်းလွန်းတော့ ကျိုးပေါက်သွားတာပါ။ ဒီမိုးကြောင့် မန်းချောင်းဘေးမှာရှိတဲ့ ကိုင်းမြေတွေ ပျက်စီးသွားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

(မကွေး-လှမြင့်)



ကရင်ပြည်နယ်ဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်

သတင်း၊ ဓာတ်ပုံ
ကိုသက်(ဗိုလ်တထောင်)

ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုးစီးပွားကို အဓိကထားပြီး ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ အကျိုးစီးပွားအားလုံး ညီညီမျှမျှ တိုးတက်လာရန်နှင့် အားလုံးပါဝင်လာရန် ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် KSD (Kayin State Development Public Company Limited)ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အများပိုင်ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ကရင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက "ကရင်ပြည်နယ်က စီးပွားရေးအသိုက်အဝန်း အားနည်းပြီး ယခု အများပိုင်လုပ်ငန်းဖွဲ့စည်းခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ လက်ရှိလုပ်ကိုင်နေတဲ့ ဒေသခံပြည်သူတွေကို များစွာကူညီထောက်ပံ့ပေးနိုင်မယ်လို့ထင်ပါတယ်။ ယခု မှတ်ပုံတင်ကျလာပြီဆိုတော့ ဒါရိုက်တာအဖွဲ့ကိုလည်း ရွေးချယ်ထားပြီးပါပြီ ယခင် ကရင်ပြည်နယ်က စီးပွားရေး ကောင်းကောင်းမလုပ်နိုင်ခဲ့ဘူး၊ ယခုဆိုရင် နယ်မြေအေးချမ်းလာပြီဆိုတော့ စီးပွားရေးများစွာလုပ်လာနိုင်ပါပြီ၊ အများပိုင်ကုမ္ပဏီကို ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ကြီးကြပ်တဲ့အနေဖြင့်သာ ပါဝင်မှာဖြစ်ပြီး ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်တာတွေကို ဒါရိုက်တာအဖွဲ့ကသာ စီမံခန့်ခွဲလုပ်ကိုင်သွားမှာဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

အများပိုင်ကုမ္ပဏီအနေဖြင့် "ဘဏ်လုပ်ငန်း၊ လမ်းတံတား၊ ဆောက်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ စက်ရုံအလုပ်ရုံများ၊ ဟိုတယ် အပန်းဖြေစခန်းများစတဲ့ လုပ်ငန်းများလုပ်ဆောင်ရန် လျာထားသော်လည်း ဒေသဖွံ့ဖြိုးရေးနဲ့ အလုပ်အကိုင်ရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများနဲ့ စက်ရုံအလုပ်ရုံများကို အဓိကထားပြီး အရင်ဆုံးလုပ်ဆောင်သွားဖို့ရှိပါတယ်၊ ကရင်ပြည်နယ်ဟာ သဘာဝအလှတရားများ၊ သယံဇာတများပေါကြွယ်ဝတဲ့ ပြည်နယ်တစ်ခုဖြစ်သလို ဒီဟာကိုကောင်းကောင်း အကျိုးရှိအောင် အသုံးချနိုင်မယ်ဆိုရင် ပြည်နယ်သူ ပြည်နယ်သားတို့အတွက် အကျိုးရှိမှာမလွဲဧကန်ပါပဲ၊ အများပိုင်ကုမ္ပဏီရဲ့ ရှယ်ယာစတင်ငွေမှာ ကျပ်သိန်းပေါင်း ၁၀၄၀၀ ဖြင့် မတည်၍စတင်ဆောင်ရွက်သွားမှာပါ၊ အများပိုင်ကုမ္ပဏီကို ကျပ်သန်းပေါင်း ၅၀၀၀ ဖြင့် လည်ပတ်သွားမှာဖြစ်ပြီး (က)ရှယ်ယာအား ကျပ်သန်း ၄၀၀၀၊ (ခ) ရှယ်ယာအား ကျပ်သန်း ၁၀၀၀ သတ်မှတ်ထားပြီး အများပြည်သူဝယ်ယူနိုင်ရန် (ခ)ရှယ်ယာမှာ ရှယ်ယာတစ်ခုကို ကျပ် ၁၀၀၀၀ နဲ့ရောင်းချပေးသွားမှာပါ"ဟု ကုမ္ပဏီဥက္ကဋ္ဌ ဦးစောဟန်အေးက ပြောသည်။

အများပိုင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးကြည်စိုးက "ကျွန်တော့်ကုမ္ပဏီအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ခြင်း၊ ဖက်စပ်လုပ်ကိုင်ခြင်းတို့ လုပ်သွားမှာဖြစ်သလို ဒေသမှာရှိတဲ့ သဘာဝအလှတရားတွေကို ခရီးသွားများအတွက် ဆွဲဆောင်မှုရှိအောင် အဆင့်မြှင့်တင်ပြီး ခရီးသွားလုပ်ငန်းကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်သွားမှာပါ၊ နောက်တစ်ချက်က ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် စက်ရုံ၊ အလုပ်ရုံတွေများများ တည်ဆောက်နိုင်အောင် ကြိုးစားလုပ်ကိုင်သွားမှာ ဖြစ်သလို နည်းပညာတွေ ရရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

ပတ်ဝန်းကျင်ကိုအလေးထားရမည့်ဆိုင်များ

နေပြည်တော် အောက်တိုဘာ ၃၀

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးကျင်းပရန် ရက်ပေါင်း ၄၀ ခန့်သာလိုတော့သည့်အချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ နိုင်ငံပေါင်းစုံမှနိုင်ငံခြားသားများစွာ လာရောက်ယှဉ်ပြိုင်မည့် ကျောက်ဒိုးပစ်အားကစားကွင်း (Petanque Sports Ground) တည်ရှိရာ လမ်းတစ်လမ်းတည်း (ဓာတ်တိုင် ရှစ်တိုင်ခန့်အကွာ)တွင် နေပြည်တော်စည်ပင်မှ သတ်မှတ်အဆောက်အအုံအတိုင်း ဖွင့်လှစ်ရောင်းချခွင့်ပေးထားသော စားသောက်ဆိုင်များရှိသည်။

ထိုဆိုင်များမှာ ရောင်းချခွင့်မရှိသည့် ဓရိယာအပြင်ပိုင်းတွင် အရက်ပေါင်းစုံနှင့် လက်ဖက်ရည်ဝိုင်းများကို ပြည်သူပိုင်လူသွားလမ်းနှင့် ကားလမ်းများပေါ်၌ စည်းကမ်းမဲ့စွာ တက်ရောက်ရောင်းချလျက်ရှိသည်။ ထိုသို့ရောင်းချနေခြင်းကြောင့် ဆီးဂိမ်းပွဲတော်လာနိုင်ငံခြားသားများ၊ ကျောင်းသား ကျောင်းသူများနှင့် လမ်းသွား လမ်းလာပြည်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိသည်။

(သန်းနိုင်-ဇမ္ဗူသီရိ)

ရေလွှတ်ရာသို့ နွားများရှေ့ပြောင်းသည့် သားအဖ ရေနစ်သေဆုံး

ရေတာရှည် အောက်တိုဘာ ၃၀

အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ရေတာရှည်မြို့နယ် ဆွာရွာမကျေးရွာနှင့် ခင်တန်းကျေးရွာကြား၌ စစ်တောင်းမြစ်ရေလွှတ်ရာသို့ နွားများအား ပို့ဆောင်စဉ် ကြိုးများဖြင့်ရစ်ပတ်မိပြီး သားအဖနှစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆွာနယ်မြေရဲစခန်းအပိုင် ဆွာရွာမကျေးရွာနေ ဦးသိန်းတန်(၄၆)နှစ်၊ သားဖြစ်သူ ကျော်စွာထက် (၁၂)နှစ်နှင့် သမီးဖြစ်သူ မပြည့်ပြည့်ခိုင် (၁၅)နှစ်တို့ သုံးဦးသည် စစ်တောင်းမြစ်ရေမြင့်တက်လာသည့်အတွက် နွား ၁၃ ကောင်အား ရေလွှတ်သည့်ခင်တန်းကျေးရွာသို့ ရေပြင်ကိုဖြတ်ကာ မောင်းနှင်စဉ် နွားကြိုးများဖြင့်ရစ်ပတ်မိပြီး ဦးသိန်းတန်နှင့် သားဖြစ်သူ ကျော်စွာထက်တို့နှစ်ဦးမှာ ရေနစ်သေဆုံးခဲ့သည်။ ထိုသို့ရေနစ်စဉ် သမီးဖြစ်သူက ကျေးရွာသို့ပြန်၍ အကူအညီတောင်းခံရာ ရွာသူ ရွာသားများက ဝိုင်းဝန်းရှာဖွေခဲ့စဉ် ဦးသိန်းတန်၏ အလောင်းအား နံနက် ၁၀ နာရီတွင် ပြန်လည် တွေ့ရှိခဲ့ပြီး သားဖြစ်သူ မောင်ကျော်စွာထက်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်းသိရ၍ ဆွာနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၇/၂၀၁၃)ဖြင့် စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

(၅၇၈)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ထိုင်းနိုင်ငံ၊ တက်ခ် ၆၃၁၁၀၊ မဲဆောက်၊ တာဆေးလွှတ်၊ အမှတ်-၅၅၈၊ မူး၂(558 Moo2, Tasailuad, Maesot, Tak 63110, Thailand)၌ တည်ထောင် ထားသော အက်စ်တီအယ်လ်ကော်မာရှယ်ကုမ္ပဏီလီမိတက် (STL Commercial Co.Ltd)သည် အောက်ပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်း ပိုင်ရှင်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

Nakita

(မှတ်ပုံတင်အမှတ်-၄/၁၀၀၂၀/၂၀၁၃)

အထက်ပါကုန်အမှတ်တံဆိပ်ကို အောက်ဖော်ပြပါပစ္စည်းများတွင် ရိုက်နှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။"Electric rice cooker, blender, hot pot, iron, electric pan, fan, hot plate, electric kettle, power strip, tablet, cable and wire, DVD player, EVD player, television, home theater system"- Class: 9

STL Commercial Co.,Ltd သည် အထက်ပါ "Nakita" ကုန်အမှတ် တံဆိပ်ကို ၂၀၀၈ခုနှစ် မတ်လ ၁၇ရက်တွင် ထိုင်းနိုင်ငံ၌ မှတ်ပုံတင်ခဲ့ပါသည်။

"Nakita" ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော အထက်ဖော်ပြပါ ကုန်ပစ္စည်းအမျိုးမျိုးကို STL Commercial CO.,Ltd မှ မြန်မာနိုင်ငံတစ်ဝန်းလုံး သို့ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ရန်ကုန်မြို့တွင် စိန်သိန်းလင်း မြန်မာကုမ္ပဏီ လီမိတက်နှင့် မန္တလေးမြို့တွင် မျိုးသိန်းအီလက်ထရွန်နစ်တို့ကိုဖြန့်ဖြူးရောင်းချခွင့် အဝကို ပေးအပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်ကို ပိုင်ရှင်၏ ခွင့်ပြုချက်မရရှိဘဲ ဆင်တူယိုးမှား အတုပြုလုပ်ခြင်း(သို့တည်းမဟုတ်) အသုံးပြုခြင်းများ ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

STL Commercial Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဝင်း (စဉ်-၂၃၅၈၂)
အထက်တန်းရှေ့နေ
U KYI WIN Associates
စာတိုက်သေတ္တာအမှတ်-၂၆၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၂၄၁၆
နေ့စွဲ- ၂၀၁၃ ခု၊ အောက်တိုဘာလ (၃၁)ရက်







အမည်ပြောင်း

ဦးခင်ထွန်း၏သား အထက(၂)ကမာရွတ် နဝမတန်း(F)မှ မောင်သန်းထွန်းဟိန်းအား မောင်ဟိန်းဝဿန်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဟိန်းဝဿန်ထွန်း

စာအုပ်စာပေလှူဒါန်းမိတ်ဆွေ



အမျိုးသမီးတက္ကသိုလ်သို့ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည့် ဆောင်းဟေကျို

တောင်ကိုရီးယားကြယ်ပွင့် ဆောင်းဟေကျိုက တောင်ကိုရီးယားနိုင်ငံရှိ Sungshin အမျိုးသမီးတက္ကသိုလ်သို့ ကိုရီးယားနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့ကြသည့် သမိုင်းဝင်ခေါင်းဆောင်များအကြောင်း ကိုရီးယားဘာသာစကားဖြင့် ရေးသားထားသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလက်ကမ်းစာစောင်များတွင် တောင်ကိုရီးယားနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းအကြောင်းများကို ပြည့်စုံစွာဖော်ပြထားပြီး လူငယ်များသိသင့်သည့် အကြောင်းအရာများ ပါဝင်ပါကြောင်းနှင့် ယင်းကဲ့သို့သိရှိပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များကို မိမိနိုင်ငံအကြောင်း ပိုမိုပြည့်စုံစွာရှင်းလင်းပြောဆိုနိုင်ကာ နိုင်ငံခြားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သရုပ်ဆောင်ဆောင်းဟေကျိုက ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင်



Mrs Globe 2013 အလှမယ် ရွေးချယ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က တရုတ်နိုင်ငံ တောင်ပိုင်း Shenzhen မြို့၌ ကျင်းပခဲ့ရာ တရုတ်အလှမယ် Gao Yiqian က သရဖူကို ရရှိဆွတ်ခူးခဲ့ပြီး (ဝဲပုံ) နီပေါအလှမယ် Rajani Thapa က Miss Philanthropy (ပရဟိတမယ်) အဖြစ် ဆွတ်ခူးရရှိခဲ့သည်။

သာယာလှပသော သဘာဝရှုမျှော်ခင်းများ၊ ဖော်ရွေပျူငှာသော နိုင်ငံသားတို့၏ စိတ်ရင်းစေတနာကြောင့် နိုင်ငံခြားသားခရီးသွားများ အလည်အပတ်လာရောက်မှု မြင့်တက်လာခဲ့ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် ကိုယ်ပိုင်ယာဉ်ဖြင့် ရောက်ရှိလာသည့်ဧည့်သည်များ အောက်တိုဘာ ၂၉ ရက်က ဆွာမြို့ကို ဖြတ်သန်းသွားစဉ်။ (၅၇၈)

◆ကျောဖုံးမှ

အချိန်ပြည့်ပေးထားမှာဖြစ်ပါတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

"နိုင်ငံအဆင့် ခမ်းနားကြီးကျယ်တဲ့ အခမ်းအနားတိုင်းမှာ မီးစက်ကြီးတွေကို သုံးရတာပဲ။ ဒါမြန်မာနိုင်ငံမှာမှ မဟုတ်ဘူး။ နိုင်ငံတကာမှာလည်း ဒီလိုပါပဲ။ ဒီလိုဆီးဂိမ်းကျမှ အစိုးရဓာတ်အားလိုင်းကို စိတ်မချလို့ မီးစက်ကြီးများ ငှားရမ်းသုံးစွဲရခြင်းမျိုးမဟုတ်ပါဘူး။ ကောလာဟလတွေကို မယုံကြည်ဘဲ ပြည်သူတွေအနေနဲ့ ဗဟုသုတအဖြစ် သိစေချင်ပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနအကြီးအကဲတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားရုံတစ်ခုလုံးကို ဗို့အားမြင့် မီးစက်အလုံးပေါင်း ၂၀ ဝန်းကျင်ဖြင့် ဓာတ်အားပေးသွားမည်ဟု သိရသည်။

ဇေယျာ(မိုင်ရာ)

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆက်သွယ်ခင်းကျင်းထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ယိုစိမ့်မှုဖြစ်ပွားပါက ဆက်သွယ်အကြောင်းကြားနိုင်သော ဖုန်းနံပါတ်များအား အများပြည်သူထံ အသိပေးကြေညာချက်

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များအား အရွယ်အစားလေးလက်မမှ ၂၄ လက်မရှိသော ပိုက်အမျိုးမျိုးဖြင့် ပိုက်လိုင်းအရှည်စုစုပေါင်း မိုင် ၂၀၀၀ ကျော် တည်ဆောက်ဆက်သွယ်ခင်းကျင်း၍ စက်ရုံ၊ အလုပ်ရုံများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ပိုက်လိုင်းများစတင်ဆက်သွယ်ခင်းကျင်းစဉ်က ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံစိတ်ချမှုရှိစေရန်အတွက် မြို့ ရွာ လူနေထူထပ်သောနေရာများနှင့် ကင်းလွတ်ရာနေရာများတွင် ရွေးချယ်ခင်းကျင်းခဲ့ပြီး မြေအောက်အနက်သုံးပေတွင် မြှုပ်နှံထားခဲ့ပါသည်။ ယခုအခါ မြို့၊ ရွာများ တိုးချဲ့တည်ဆောက်လာခြင်း၊ အချို့နေရာများတွင် မိုးရေများတိုက်စားမှုကြောင့် ပိုက်သားမြေပေါ်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ဆက်သွယ်ခင်းကျင်းထားသည့် ပိုက်လိုင်းများအနက် အချို့မှာ အသုံးပြုကာလကြာမြင့်လာသဖြင့် သဘာဝအလျောက်သံချေးစား၍ပိုက်သားများဆွေးပေါက်ခြင်း၊ ပြင်ပပယောဂတစ်ခုခုကြောင့် ပိုက်လိုင်းများကျိုးပြတ်ယိုစိမ့်ခြင်း၊ ရေနံစိမ်းပို့လွှတ်သည့်ပိုက်လိုင်းများအား ရည်ရွယ်ချက်ဖြင့် (ရေနံစိမ်းရယူရန်အတွက်) ဖောက်ခြင်းတို့ကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ယိုစိမ့်မှုဖြစ်ပေါ်နေပါသည်။

မိမိဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာပိုက်လိုင်းလမ်းကြောင်းများအလိုက် ပြုပြင်ထိန်းသိမ်းရေးစခန်းများ ဖွင့်လှစ်ထားခဲ့ပြီး ပိုက်လိုင်းတစ်လျှောက် ပိုက်လိုင်းလျှောက်လုပ်သားများဖြင့် မျက်မြင်စစ်ဆေးခြင်း၊ SCADA ခေတ်မီစက်များဖြင့် စစ်ဆေးပြီး ချွတ်ယွင်းအားနည်းမှုဖြစ်ပေါ်နေသော နေရာများအားအမြန်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူလူထု ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ပိုက်လိုင်းများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များယိုစိမ့်မှုတွေ့ရှိပါက ဖော်ပြပါဖုန်းနံပါတ်များအား နေ့/ညအချိန်မရွေး ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ယိုစိမ့်မှုဖြစ်ပွားနေကြောင်း တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များ

စဉ်	ပိုက်လိုင်းတည်ရှိရာနေရာ/ဧရိယာ	သက်ဆိုင်ရာရေနံမြေအထွေထွေမန်နေဂျာ/ စခန်းတာဝန်ခံကြီးကြပ်ရေးအင်ဂျင်နီယာ	ဆက်သွယ်ရန်ဖုန်းနံပါတ်	မှတ်ချက်
၁။	ရန်ကုန်ဧရိယာ(က)စက်ရုံသုံးပိုက်လိုင်းများ(ခ) CNG ပိုက်လိုင်းများ	တာဝန်ခံအင်ဂျင်နီယာ(ရွှေပြည်သာပိုက်လိုင်းစခန်း)	၀၁-၆၁၀၆၃၀	
		အထွေထွေမန်နေဂျာ(သာကေတ)	၀၁-၅၄၂၇၃၂	
		အထွေထွေမန်နေဂျာ (CNG)	၀၁-၅၅၃၂၅၀	
၂။	၂၄လက်မဒေါ်ငြိမ်း-ရန်ကုန်ပိုက်လိုင်း	ကြီးကြပ်ရေးအင်ဂျင်နီယာ (ဒေးဒရဲပိုက်လိုင်းစခန်း)	၀၉-၈၅၉၂၃၂၆	
၃။	ညောင်တုန်းဧရိယာ	အထွေထွေမန်နေဂျာ(ညောင်တုန်း)	၀၉-၈၅၄၀၅၆၀	
၄။	မော်လမြိုင်ဧရိယာ	ကြီးကြပ်ရေးအင်ဂျင်နီယာ(မော်လမြိုင်ပိုက်လိုင်းစခန်း)	၀၉-၈၇၂၇၅၀၁	၂၀ လက်မ ကံပေါက်-မြိုင်ကလေးပိုက်လိုင်း
		ကြီးကြပ်ရေးအင်ဂျင်နီယာ(ဖူးကြီးပိုက်လိုင်းစခန်း)	၀၉-၈၆၁၇၇၅၃	၂၀လက်မ မြိုင်ကလေး-ရန်ကုန်ပိုက်လိုင်း
၅။	အဖျောက်/အင်းရွာဧရိယာ	အထွေထွေမန်နေဂျာ(အဖျောက်)	၀၉-၈၆၁၁၈၉၈	
၆။	ပြည်ဧရိယာ	အထွေထွေမန်နေဂျာ(ပြည်)	၀၅၃-၅၅၆၅၁	
		ကြီးကြပ်ရေးအင်ဂျင်နီယာ(တီတွတ်ပိုက်လိုင်းစခန်း)	၀၅၃-၂၇၁၀၅	
၇။	ကြံခင်း/မြန်အောင်ဧရိယာ	အထွေထွေမန်နေဂျာ(မြန်အောင်)	၀၄၄-၅၀၀၈၄	
၈။	ရေနံချောင်း/မကွေးဧရိယာ	အထွေထွေမန်နေဂျာ(ရေနံချောင်း)	၀၆၀-၂၁၀၀၉	
		အထွေထွေမန်နေဂျာ(မန်း)	၀၆၅-၂၁၀၀၉	
၉။	မကွေး/ပျော်ဘွယ်/ပင်းပက်/ရေနီပိုက်လိုင်း	ကြီးကြပ်ရေးအင်ဂျင်နီယာ(ပျော်ဘွယ်ပိုက်လိုင်းစခန်း)	၀၉-၄၅၂၃၃၂၆၃	
၁၀။	ချောက်/ဆားခါးဧရိယာ	အထွေထွေမန်နေဂျာ(ချောက်)	၀၆၁-၂၀၀၄၃၃	
၁၁။	ကျောက်ခွက်/လက်ပံတို/အရာတော်ဧရိယာ	အထွေထွေမန်နေဂျာ(ကျောက်ခွက်/လက်ပံတို/အရာတော်)	၀၉-၆၅၇၀၇၀၅	
၁၂။	မန္တလေး/ပလိပ်ဧရိယာ	ကြီးကြပ်ရေးအင်ဂျင်နီယာ(မန္တလေး)	၀၂-၇၀၂၀၇	

သီးခြားဆက်သွယ်ရန်ဖုန်းနံပါတ်များ

စဉ်	ဌာန	ဆက်သွယ်ရန်ဖုန်းနံပါတ်
၁။	ရုံးအဖွဲ့မှူး၊စွမ်းအင်ဝန်ကြီးဌာန(ဝန်ကြီးရုံး)	၀၆၇-၄၁၁၀၆၀
၂။	ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၀၅၅
၃။	ညွှန်ကြားရေးမှူး(အင်ဂျင်နီယာလုပ်ငန်း)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၁၁၁ ၀၉-၈၃၀၀၀၇၁
၄။	အထွေထွေမန်နေဂျာ(ပိုက်လိုင်း)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၂၀၂ ၀၉-၈၅၉၂၃၂၅
၅။	အင်ဂျင်နီယာချုပ်(စက်မှု)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၃၄၀

အာရှလူငယ်မသန်စွမ်းအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ရွှေတစ်ခု၊ ငွေလေးခုနှင့် ကြေးလေးခုဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၃၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၂၆ ရက်မှ ၃၀ရက်အထိ တတိယအကြိမ်မြောက် အာရှလူငယ်မသန်စွမ်းအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားအဖွဲ့သည် ရေကူးပြိုင်ပွဲတွင် မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၌ တင်မျိုးက ရွှေတစ်ခု၊ မီတာ ၁၀၀ ရင်ပေါင်တန်းရေကူးပြိုင်ပွဲ၌ အောင်ဖုန်းကကြေးတစ်ခု၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ပြိုင်ပွဲ၌ နန္ဒာလင်းက ငွေနှစ်ခု၊ အမျိုးသမီး မျက်မမြင်စစ်တုရင် အသင်းလိုက်ပြိုင်ပွဲ၌ ငွေတစ်ခု၊ အမျိုးသားမျက်မမြင် စစ်တုရင်အသင်းလိုက်ပြိုင်ပွဲ၌ ကြေးတစ်ခု၊ အမျိုးသမီးမျက်မမြင်တစ်ဦးချင်းပြိုင်ပွဲ၌ ရန်ပုက ငွေတစ်ခု၊ ဇီးမဆားက ကြေးတစ်ခုနှင့် အားကိုက်က ကြေးတစ်ခု စုစုပေါင်း ရွှေတစ်ခု၊ ငွေလေးခု၊ ကြေးလေးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

သင့်စီးပွားရေးအောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

စီးရီးအေ ရင်ခုန်သံ – ၁၁

စီးရီးအေပြိုင်ပွဲမှာတော့ အေစီမီလန်အခြေအနေ မကောင်းသေးဘူး။ ခုနစ်ပွဲကစားပြီးချိန်မှာ သုံးပွဲတည်းနိုင်သေးတဲ့အတွက် ဥရောပဝင်ခွင့်ရဖို့တောင် အတော်ရုန်းရမယ်။ အခုလည်း နိုဝင်ဘာ ၂၊ ၃၊ ၄၊ ၅ ရက်တွေမှာ ကစားမယ့် ပွဲစဉ်(၁၁)မှာ ဖီယိုရင်တီးနားနဲ့ ရင်ဆိုင်ရဦးမှာဆိုတော့ အေစီမီလန်ရှုန်းကန်ရဦးမှာ သေချာတယ်။

ပါးမား - ဂျူဗင်တပ် ည ၁၁း၃၀ (၂-၁၁-၂၀၁၃)

ဂျူဗင်တပ်နိုင်ပွဲပြန်ရခဲ့တာမှန်တယ်။ ဒါပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိတဲ့အတွက် အမှားအယွင်းဖြစ်လို့မရတဲ့အခြေအနေဆိုတော့ ဂျူဗင်တပ်ဒီပွဲမှာ ခြေကုန်ထုတ်ဖို့ခက်တယ်။ ပါးမားကလည်း အိမ်ကွင်းတစ်ပွဲသာရှုံးတဲ့အထိ ခံကစားအားကောင်းတော့ ဂျူဗင်တပ်သရေနဲ့ပဲ ကျေနပ်ရမယ်။

နာပိုလီ - ကာတာနီးယား နံနက် ၂း၁၅ (၃-၁၁-၁၃)

ကာတာနီးယားမှာ နာပိုလီကို ယှဉ်နိုင်လောက်တဲ့အားမရှိဘူး။ အထူးသဖြင့် အဝေးကွင်းလေးပွဲမှာ လေးပွဲစလုံးရှုံးထားတဲ့ကာတာနီးယားရဲ့ကစားအားက သာမန်ထက်တောင် နိမ့်တယ်။ နာပိုလီအနေနဲ့ ချန်ပီယံလိဂ်ရှိပေမယ့် ဒီပွဲမျိုးမှာ အမှားခံမှာ မဟုတ်ဘူး။

အေစီမီလန် - ဖီအိုရင်တီးနား နံနက် ၂း၁၅ (၃-၁၁-၂၀၁၃)

အေစီမီလန်က ခြေမငြိမ်ဘူး။ အိမ်ကွင်းမှာတစ်ပွဲသာရှုံးထားပေမယ့် ခံစစ်ပိုင်းအား ပျော့သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိတယ်။ ဖီအိုရင်တီးနားက တိုက်စစ်အား ကောင်းသလို ခြေစွမ်းပိုင်းလည်း တည်ငြိမ်တယ်။ အိမ်ကွင်းမှာ အေစီမီလန် အမြင့်ဆုံးသရေလောက်ပဲရမယ်။

တိုရီနို - ရိုးမား နံနက် ၂း၁၅ (၄-၁၁-၂၀၁၃)

တိုရီနိုမှာ ရိုးမားကို ထိန်းချုပ်နိုင်တဲ့အားမရှိဘူး။ တိုရီနိုဟာ အိမ်ကွင်းမှာ အရှုံးတစ်ပွဲသာရှိသေးတယ်ဆိုပေမယ့် နောက်ဆုံး ငါးပွဲဆက်မနိုင်ခဲ့တဲ့ ခြေကအားပျော့လွန်းတယ်။ ရိုးမားကတော့ ဒီရာသီမှာ ချန်ပီယံဆုမှန်းနိုင်တဲ့အထိ ခြေကောင်းနေတယ်။

ချယ်လ်ဆီး နှင့် မန်ယူ ကက်ပီတယ်ဝမ်း ကွာတားတက်

ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အသင်း၏ အိမ်ကွင်းအမ်းမရိတ်၌ ယှဉ်ပြိုင်ကစားခဲ့ရပြီး အက်ပီလီကူတာနှင့် မာတာတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ချယ်လ်ဆီးက အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့ခြင်းမှာ အာဆင်နယ်ကစားသမားများ၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုများကြောင့်သာဖြစ်ပြီး စနေနေ့တွင် လီဗာပူးအသင်းနှင့်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အကောင်းမွန်ဆုံးရလဒ်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ဆိုသည်။

အက်ပီလီကူတာ၏ ယင်းသွင်းဂိုးသည် ၎င်း၏ ပထမဆုံးသွင်းဂိုးဖြစ်ပြီး အာဆင်နယ်နောက်ခံလူ ဂျန်ကင်ဆန်၏ အမှားမှတစ်ဆင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ပရီမီယာလိဂ်ပွဲစဉ်က ခရစ္စတယ်ပဲလေ့အသင်းအား အနိုင်ရရှိခဲ့သည့်ကစားသမားစာရင်းကို ရှစ်ဦးအထိအပြောင်းအလဲပြုလုပ်ခဲ့ပြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုမှာမူ ကစားသမား ပြောင်းလဲမှု ထိထိမိမိ ပြုလုပ်ခဲ့ခြင်းမရှိခဲ့ပေ။

၂၀၀၇ ခုနှစ် မေလမှ စတင်ကာ မော်ရင်ဟိုနှင့် အာစင်ဝင်းဂါးတို့၏ ပထမဆုံးတွေ့ဆုံခဲ့သည့် ပြိုင်ပွဲဖြစ်ပြီး ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်း နှစ်ဂိုးပြတ်ရှုံးနိမ့်ကာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းသည် အာဆင်နယ်အသင်း၏ ရှစ်နှစ်ကြာ ဖလားလက်မဲ့ဖြစ်ခဲ့ရသည်ကို ချေဖျက်မည့်မျှော်လင့်ချက်ရောင်ခြည် ချယ်လ်ဆီးအသင်းကြောင့် ပျက်ပြယ်ခဲ့ရသည်ဟု ဆိုရမည်ဖြစ် သည်။

အခြားပွဲစဉ်များဖြစ်သည့် နည်းပြ ဒေးဗစ်မိုယက်၏ မန်ယူအသင်းနှင့် နော့ဝှစ်ချ်အသင်းတို့၏ ပွဲစဉ်တွင် ဟာနန်ဒက်ဇ်၏ သွင်းဂိုးနှစ်ဂိုး၊ ဖီးဂျုံးစ်၏ သွင်းဂိုးတစ်ဂိုးနှင့် ဖေဘီယိုဒါဆေးလ်ဗား၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် လေးဂိုးပြတ်အနိုင်ရရှိကာ မန်ယူအသင်း ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဘန်လေအသင်းနှင့် ဝက်စ်ဟမ်း အသင်းတို့၏ ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက ဘန်လေအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ကက်ပီတယ် ဝမ်းဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ဘာမင်ဂမ်အသင်းနှင့် စတုတ်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် စတုတ်စီးတီးအသင်းက ရှစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိကာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၏ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ချန်ပီယံရှစ်ကလပ် လီဆက်စတာ စီးတီးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့၏ပွဲစဉ်တွင် လီဆက်စတာအသင်းက ဖူလ်ဟမ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကက်ပီတယ်ဝမ်းဖလားကွာတားဖိုင် နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၆ ရက်တွင် လည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်တွင် မဲခွဲကာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း နှစ်ကျော့စလုံးယှဉ်ပြိုင်ကစားရန်ရှိနေပြီး နောက်ဆုံးဗိုလ်လုပွဲကိုမူ ၂၀၁၄ ခုနှစ် မတ် ၂ ရက်တွင် ဝင်ဘာလေကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းတယ်လီဖုန်းများအတွက် ထပ်တိုးဝန်ဆောင်မှုများ ဖွင့်လှစ်ခြင်း အသိပေးချက်

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Prepaid GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများအတွက် အောက်ပါထပ်တိုးဝန်ဆောင်မှုများကို သုံးစွဲသူများကိုယ်တိုင် ၁-၁၁-၂၀၁၃ ရက်မှစ၍ ဖွင့်နိုင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

CW(Call wait Service)အတွက် 1331 နံပါတ်သို့ SMS ဖြင့် (Orderdata CW)ဟု ပေးပို့ပြီးနောက် တည်ပြုချက်စာတို (Notification Alert SMS) ရရှိပါမည်။ ဆက်လက်၍ (Orderdata CH)ဟု ပေးပို့ပါရန်။

CF (Call Forwarding) အတွက် 1331 နံပါတ်သို့ SMS ဖြင့် (Orderdata CF)ဟု ပေးပို့ပါရန်။

VMS (Voice Mail Service) အတွက် 1331 နံပါတ်သို့ SMS ဖြင့် (Orderdata VMS)ဟု ပေးပို့ပါရန်။

MCA (Missed Call Alert) အတွက် 1331 နံပါတ်သို့ SMS ဖြင့် (Orderdata MCA) ဟု ပေးပို့ပါရန်။

ဖော်ပြပါကဲ့သို့ ဝန်ဆောင်မှုအသီးသီးအတွက် စာတို(SMS)ပေးပို့ပြီးနောက် အတည်ပြုချက်စာတို (Notification Alert SMS) လက်ခံရရှိပါမည်။

CW(Call wait Service) နှင့် CF (Call Forwarding) အနက်မှ (၁)ခုကိုသာ ရွေးချယ်သုံးစွဲပါရန်။

VMS (Voice Mail Service)နှင့် MCA (Missed Call Alert)အနက်မှ (၁)ခုကိုသာ ရွေးချယ်သုံးစွဲပါရန်။

သုံးစွဲသူကိုယ်တိုင်ပြန်ပိတ်နိုင်ပါသည်။ ဥပမာ- Cancel CF ဟု 1331 နံပါတ်သို့ SMSဖြင့် ပေးပို့ပါရန်။

၂။ ကောက်ခံမည့်နှုန်းထားများမှာ-

CW(Call wait Service)	တစ်လလျှင် (၅၀၀)ကျပ်
CF (Call Forward Service)	တစ်လလျှင် (၉၀၀၀)ကျပ်
VMS (Voice Mail Service)	တစ်လလျှင် (၁၀၀၀)ကျပ်
MCA (Missed Call Alert)	တစ်လလျှင် (၁၀၀၀)ကျပ်

မေးမြန်းစုံစမ်းရန်ဖုန်းနံပါတ်-(၁၈၇၆) Call Center

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း











ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅ မြေကွက်အမှတ်-၆၁/၉-၇၊ မြေကွက်တည်နေရာအမှတ်-၄ဂျီ၊ လွတ်လပ်ရေးကွက်သစ်လမ်း (၈)ရပ်ကွက်၊ (ဒေါ်ခိုင်ဇာဖြူဝင်း၊ ဦးအံ့ဇော်မောင်)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်များကိုယ်စား (SP)ရသူ ဦးထွန်းဇော်[၁၂/လမန(နိုင်)၀၀၇၆၈၁]က အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၁၈/ ၂၄-၁-၂၀၁၂ နှင့် ၂၀၁၁ ခုနှစ်က ကူးယူခဲ့ သောအရောင်းအဝယ်စာချုပ်ရန် ကူးယူ ခဲ့သောမြေပုံမြေရာဇဝင်မူရင်းမှာ အရောင်း အဝယ်စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ
ဦးတင်မောင်ဝင်း(Shwe Nay Chi) - ဒေါ်သန်းသန်းအေးတို့၏ တစ်ဦးတည်းသောသား

မောင်ကိုကိုဇေယျာဖြိုး B.Eng(UK)
Director. Shwe Nay Chi Services Co.,Ltd
နှင့်
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်းနေ
ဦးချစ်စိန်(ကမ်းရိုးတမ်းသင်္ဘောပိုင်ရှင်)-ဒေါ်ကြည်ကြည်ဝင်းတို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာသန်းသန်းချစ် M.B.,B.S (Ygn)
A.M.O(Green Cross Hospital)

တို့အား ၂၃-၁၀-၂၀၁၃ ရက်တွင် Sedona Hotel Mindon Room ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ ၂၆-၁၀-၂၀၁၃ရက်တွင် Sedona Hotel(Grand Ball Room)တွင် ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ တက်ရောက် လျက် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဘိုးဘိုး ဦးခင်အောင်မြင့်နှင့် ဘွားဘွား ဒေါ်ခင်ပြုံး၊ တက်ရောက်ချီးမြှင့်ပေးပါသော ဧည့်သည်တော်များ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ နှစ်ဖက်သောမိဘ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်း အနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်း ကြဲဖြန့်ပေးပါသော သမီးလေးအေးဆုရည်အောင်၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မရွှေယမုံဦးနှင့် မစံပါယ်မြတ်နိုးထွန်း၊ မင်္ဂလာ သတို့သား၊ သတို့သမီးအရံများအဖြစ်ကူညီပေးပါသော ဗိုလ်ကြီးဘိုဘိုကျော်၊ ဒေါက်တာဇော်ဇော်လွင်၊ မသက်ထက်စံ၊ ဒေါက်တာအိချောချောဇော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော EMPEROR Music Band၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဟေမာနေဝင်းနှင့် တေးသံရှင်များ၊ မိတ်ကပ် အာကာ(ရွှေနန်းမြင့်)၊ ပန်းအလှ ကိုမျိုးချစ်(ရွှေနန်းမြင့်)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုကျော်လှိုင်နှင့် STUDIO 35,Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင် မတက်ရောက်နိုင် သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ပေးပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများကို အထူးပင် လှိုက်လှဲကျေးဇူးဥပကာရတင်ရှိပါကြောင်း။

မောင်ကိုကိုဇေယျာဖြိုး-ဒေါက်တာသန်းသန်းချစ်

ညောင်ဦးလေယာဉ်ကွင်းသွားလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွား

ညောင်ဦး အောက်တိုဘာ ၃၀

ညောင်ဦးမြို့ လေယာဉ်ကွင်းလမ်းဆုံ၌ အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းအတိုင်း တောင်မှ မြောက်သို့ ယာဉ်မောင်း ဦးကြည်စိုး (၄၂)နှစ်ဆိပ်ဖြူမြို့ ဂျုပ်ချောင်း ကျေးရွာနေသူ မောင်းနှင်လာသော မန္တလာမင်းလိုင်းကားသည် လေယာဉ်ကွင်းလမ်းဆုံအရောက် လေယာဉ်ကွင်းဘက်သို့ ချိုးကွေ့လာသည့် ယာဉ်မောင်း ဦးခင်မောင်ရင် (၆၆)နှစ် ညောင်ဦးမြို့ သီရိပစ္စယာ တိုးချဲ့(၄) ရပ်ကွက်နေသူ မောင်းနှင်လာသည့် မတ်ခ်တူးတိုယိုတာ မော်တော်ယာဉ် (အဖြူရောင်) တို့ တိုက်မိမှုဖြစ်ပွားခဲ့သည်။ (ယာဝုံ)

အဆိုပါယာဉ်တိုက်မှုကြောင့် တိုယိုတာမော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ကိုစန်းထွေး(ခ) ကိုပဲလျော်သည် ညာလက်ဖျံပေါက်ပြဲဒဏ်ရာ တစ်ချက်၊ နှာခေါင်း၊ ပါးစပ်၊ ဝဲဘက်နားမှ သွေးထွက်ဒဏ်ရာများရရှိကာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ပြီး ယာဉ်မောင်းဖြစ်သူ ဦးခင်မောင်ရင်မှာ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ လက်ဖျံပွန်းပဲ့ဒဏ်ရာများရရှိ၍ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့် ပတ်သက်၍ယာဉ်မောင်းများဖြစ်ကြသည့် ဦးကြည်စိုးနှင့် ဦးခင်မောင်ရင်တို့အား ညောင်ဦးရဲစခန်းမှ ဒုတိယရဲမှူးကြည်ဖေက တရားလိုပြုလုပ်ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ယာဉ်စစ်ဆေးသည့် ပူးပေါင်းအဖွဲ့ကို အရှိန်မထိန်းနိုင်သည့်ယာဉ် ဝင်တိုက်

နေပြည်တော် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် ပြည်လမ်းရှိ ဟံသာဝတီအဝိုင်း ကားမှတ်တိုင်တွင် စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အလုံမြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ အမှတ်(၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကမာရွတ်)မှ တပ်ဖွဲ့ဝင်များနှင့် မြေနီကုန်း(မြောက်) ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၇ ရက်က ယာဉ်စစ်ပိတ်ဆို့ရှာဖွေရေးများ ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်နေစဉ် အောက်တိုဘာ ၂၈ ရက်က မြေနီကုန်းမှဟံသာဝတီအဝိုင်းဘက်သို့ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း ရပ်ကွက်နေ ဦးမြင့်စိုး (၅၆)နှစ်မောင်းနှင်လာသော ယာဉ်အမှတ် 6D/------ယာဉ်မှာ အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် ယာဉ်စစ်စမျဉ်းရှိယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လက်အချက်ပြမီးချောင်းများဖြင့် အရှိန်လျှော့ပေးရန်တားမြစ်ခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ ဘယ်ရီဂိတ်အားဝင်ရောက်တိုက်မိပြီး လမ်းဘေးတွင် အစဉ်လိုက်ရပ်ထားသော စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့ပိုင် ၇ခ/---- ၊ အလုံမြို့နယ်ရဲတပ်ဖွဲ့ပိုင် ၇ခ/---- ယာဉ်နောက်ပိုင်းတို့အား ဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိသဖြင့် ၇ခ/--- ယာဉ်ပေါ်တွင်ထိုင်နေသည့် ဒုတိယရဲတပ်ကြပ် တင်ထွန်းနောင်၏ဦးခေါင်းအား ဆောင့်မိခဲ့သောကြောင့် နဖူးအလယ်ပေါက်ပြဲ၊ ယာမျက်ခုံး၊ ဒူးပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည့်အပြင် ယာဉ်များနှင့် ဘယ်ရီဂိတ်တစ်ခုတို့ပျက်စီးသွားခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးမြင့်စိုးအား စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဆင်တောင်ဘူတာနှင့် မင်းဒိုက်ဘူတာအကြား မိုးရွာသွန်းမှုကြောင့် မြေသားများပြိုကျ၍ ရထားလမ်းပိတ်ဆို့

သာစည် အောက်တိုဘာ ၃၀

မန္တလေးမြို့ သာစည်မြို့နယ်ဆင်တောင်ကျေးရွာအနီး ဆင်တောင်ဘူတာနှင့် မင်းဒိုက်ဘူတာအကြား ရထားလမ်း ကြေးနန်းတိုင်အမှတ် (၃၆၀/၁၀-၁၁) ကြားတွင် အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက မိုးရွာသွန်းမှုကြောင့် အလျား ပေ ၅၀၊ အနံ ၁၅ ပေ၊ အမြင့် ပေ ၂၀ ခန့်ရှိမြေသားများ ပြိုကျပြီး တောင်ကမ်းပါးနံရံရှိ လုံးပတ် ၂ ပေ၊ အမြင့် ပေ ၂၀ ခန့်ရှိ သစ်ပင်နှစ်ပင် လဲကျပိတ်ဆို့လျက်ရှိရာ ယင်းနေ့ မွန်းတည့် ၁၂ နာရီက အဆိုပါ ရထားလမ်းပိတ်ဆို့သည့်နေရာအား တိုင်းဒေသကြီး ပို့ဆောင်ရေး အင်ဂျင်နီယာပါ ၁၀ ဦး၊ ဆင်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးပါ ၁၅ ဦး၊ သံလမ်းအုပ်ကြီးပါ ၁၂ ဦးတို့က ရောက်ရှိဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ရာ ည ၉ နာရီခန့်တွင် ရှင်းလင်းပြီးစီး၍ ရထားများ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ (မန္တလေး)

ဒိုက်ဦးမြို့နယ်၌ ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

ဒိုက်ဦး အောက်တိုဘာ ၃၀

ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ကျေးရွာနေ ဦးစိုးလွင်(၃၅)နှစ်သည် နေအိမ်ခြေရင်းရှိ သစ်ပင်၌ ကြိုးဆွဲချသေဆုံးနေကြောင်း အောက်တိုဘာ ၂၉ ရက် နံနက် ၄ နာရီတွင် သတင်းရရှိသဖြင့် ဒိုက်ဦးမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ်(၈/ ၂၀၁၃)အရ မွေတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် အမှုဖွင့် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ကျော်ကျော်-IPRD)

ရေနံစိမ်းများခဲနေ၍ သံပူချောင်းနှင့် မွှေရာမှမီးလောင်

နေပြည်တော် အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမြေလုပ်ကွက် အမှတ်(၅) MOGE သံကန်တန်း၏ အနောက်ဘက်ရှိ ယာပိုင်ရှင်ဦးအောင်ဟန်၏ ယာခင်း၌ အောက်တိုဘာ ၂၈ ရက်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်ပိုင်းရဲကင်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မင်းလှမြို့နယ် ဒီးဒုတ်ကျေးရွာနေ ကံပေါ်(ခ)သန်းလင်းစိုး(၂၅) နှစ်သည် ၎င်းပိုင်ရေနံတွင်းမှထွက်ရှိသော ရေနံစိမ်း ငါးပီပါခန့်အား ပလတ်စတစ်မိုးကာကန်အတွင်း လှောင်ထားစဉ် ရေနံစိမ်းများခဲနေသဖြင့် အရည်ပျော်ရန် သံပူချောင်းဖြင့်မွှေရာမှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်မှုမရှိဘဲ ကံပေါ်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မူးလျှင် မမောင်းနှင့်
မောင်းလျှင် မမူးနှင့်



‌စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၂၀၈)နေ
ဒေါက်တာခင်မောင်ဝင်း (မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ အလုပ်အမှုဆောင်+
ဒုတိယဥက္ကဋ္ဌ၊ မွန်ပြည်နယ်ရွှေလုပ်ငန်းရှင်များအသင်း)နှင့်ဇနီး ဒေါ်စီစီညွန့်(ရတနာဆင့်အာမခံရတနာရွှေဆိုင်)
တို့၏သားငယ်
မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ဗဟိုလမ်း၊ ရက်ကန်းဝင်းထိပ်၊ အမှတ် 1B နေ
ဒေါက်တာ အောင်ကိုကိုဝင်း (M.B.,B.S)(Mgy)(ဇီဝကဆေးခန်း)
နှင့်
မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ အရေးပိုင်ကုန်းလမ်း၊ ခြံအမှတ်(၅၃)Cနေ
ဦးလှိုင်မင်း(ခ)ဦးမြင့်ရွှေ(အထက်တန်းရှေ့နေ)-ဒေါ်ခင်မြင့်ရီ(လှိုင်မင်းအာမခံရတနာရွှေဆိုင်)တို့၏သမီးကြီး
မသရဖီလှိုင် B.Sc (Phy:) (Q)
တို့သည် ၂၇-၁၀-၂၀၁၃ ရက်တွင် နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဒေါက်တာအောင်ကိုကိုဝင်း-မသရဖီလှိုင်

awmiiEpusy&pqb&m;y pnum;oulrlupm usi;yrn

တောင်ငူ အောက်တိုဘာ ၃၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည် အပူဇော်ခံပွဲကို တန်ဆောင်မုန်းလဆန်း ၁၃ ရက် (နိုဝင်ဘာ ၁၅ ရက်)တွင် ယခင်နှစ်များထက် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၀ ခုနှစ်မှစ၍ တန်ဆောင်မုန်းလတွင် ကျင်းပသော တောင်ငူမြို့တည်နန်းတည်ပွဲတော်အတွင်းသို့ ထည့်သွင်းကျင်းပခဲ့ရာ တစ်နှစ်ထက်တစ်နှစ် စည်ကားလာခဲ့ကြောင်း သိရသည်။ ပွဲတော်ကျင်းပရေးကော်မတီမှ ပါဝင်ယှဉ်ပြိုင်သော ရပ်ကွက်နှင့်အဖွဲ့အစည်းများသို့



ယခုနှစ်တွင် ငွေကျပ် ၁၀ သိန်း တိုးမြှင့်ပံ့ပိုးပေးခဲ့ပြီး ဆုကြေးငွေအဖြစ် ပထမ ငွေကျပ် သိန်း ၅၀ ၊ ဒုတိယ ငွေကျပ် သိန်း ၃၀၊ တတိယ ငွေကျပ် သိန်း ၂၀၊ နှစ်သိမ့်ဆု ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နှစ်ကျိပ်ရှစ်ဆူဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ တောင်ငူဘုရင်ဘုရင့်နောင် မင်းတရားကြီးတည်ထားခဲ့သော မဟာမုနိကေလဇာတိဘုရားကြီးအား လုံးတော်ဖွံ့ဉာဏ်တော်မြှင့် ပြန်လည်တည်ထားခဲ့ပြီး ထီးတော်တင်လှူပူဇော်ပွဲကိုလည်း တန်ဆောင်မုန်းလဆန်း ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် နာမည်ကျော် တေးသံရှင်များက တေးဂီတဖျော်ဖြေရေးယာဉ် နှစ်စီးဖြင့်လည်းကောင်း၊ ဗိုလ်မှူးဖိုးကွန်းလမ်းထိပ်ရှိ မင်းကြီးညိုရုပ်တုအနီးစင်မြင့်ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ကျော်စွာ(တောင်ငူ)

tapxwajymi;rsm; vivivay: ajymi;z;ar;rsm; t0,vu

သီပေါ အောက်တိုဘာ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှထွက်ရှိသော အစေ့ထုတ်ပြောင်းများ လှိုင်လှိုင်ပေါ်နေပြီဖြစ်၍ ပြောင်းသီးနှံစတင်ပေါ်ချိန် စက်တင်ဘာလတွင် ပြောင်းတစ်အိတ် (၅၅ ပိဿာ)လျှင် ငွေကျပ် သုံးသောင်း ဈေးပေါက်သော်လည်း ယခုအခါ နယ်ဒေသများမှအဝင်များကာ တစ်ဖက်နိုင်ငံအနေဖြင့် ဝယ်ယူမှုအားနည်းသွားပြီး တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ ပေါက်ဈေး၌သာ ရပ်တန့်နေကြောင်း အောက်တိုဘာ ၂၇ ရက်က မြို့လယ်ရပ်သီးနှံအဝယ်ဒိုင်မှ ဒေါ်ဝေဝေလွင်က ဆိုသည်။

ပြောင်းသီးနှံဝယ်ယူမှု အနည်းငယ်အေးနေသော်လည်း ပြောင်းဖူးထိပ်မှ ထွက်ရှိသော အမွေးအမင် (ပြောင်းမွေး) များကို တိုင်းရင်းဆေး



တိုက်ကြီးတစ်ခုမှ ဆေးဖော်စပ်ရာတွင် မရှိမဖြစ်အဓိကလိုအပ်သော ပစ္စည်းတစ်ခုအဖြစ် တစ်ပိဿာငွေကျပ် တစ်ထောင်ဈေးဖြင့် ဝယ်ယူနေကြောင်းသိရသည်။

စိုင်း(သီပေါ)

rviü yv,umu,aq;wuaul;

မလှိုင် အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ကျန်းမာရေးဝန်ကြီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ ဆရာမများ၊ မိခင်နှင့်ကလေးအမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့တို့က ကျန်းမာရေးလိုအပ်ချက်အရ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရပ်ကွက်ကြီး(၃)နယ်မြေအတွင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့သည်။ ရပ်ကွက်ကြီး (၃)နယ်မြေ အမှတ်(၃)ရပ်ကွက်မှ အိမ်ထောင်စု ၃၂၀ နှင့် အမှတ် (၂) ရပ်ကွက်မှ အိမ်ထောင်စု ၂၁၉ ဦး စုစုပေါင်း အိမ်ထောင်စု ၅၃၉ စုတို့မှ ငါးနှစ်အောက်ကလေးငယ် ၁၉၄ ဦးတို့အား ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုအဖြစ် ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးကြောင်း သိရသည်။**(၆၂၇)**

lrle,v;ulw v,,majrrwywijci;Ei v,,majrvyyicijylvurwrsm; xway;

ဟသ်ာတ အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဇလွန်မြို့နယ်အနေဖြင့် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်းကို အောက်တိုဘာ ၁၈ရက်က ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်က တောင်သူများ၏ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့လယ်ယာမြေများကို သားစဉ်မြေးဆက် ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်ရရှိနိုင်စေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများမှ တောင်သူများ ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။ အဆိုပါ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်းကို ဇလွန်မြို့နယ်အနေဖြင့် အောက်တိုဘာ ၁၈ ရက်အထိ ဦးပိုင်ပေါင်း ၄၁၆၉၀ အား မြို့နယ်လုံးကျွတ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

(မြို့နယ်ထွေအုပ်)

tp;&alumjim

jynaxmiporwjrermEiiawmtp;& owlwi;0eBu;Xme

ausmursu&wemvyuursm; cijylrecsxm;ay;a&;? ppaq;a&;EiBu;luya&;vyie;aumrw ausmursu&wemowrwvyuuEi azmxwvyuursm;twu tqjylvmrsm;wioi;&e

alunmcsu(၈^2013)

aejynawm 1375cEp awmovi;vjynausm(12)&u (2013cEp atmuwbmv 1 &u)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း**။ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း**။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ နိုဝင်ဘာလ ၅ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့်ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု (မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

vlypppr; tm;0eBu;Xme a&tm;vlypptaumit xnazma&;O;p;Xme twziwi'gac,jci;

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၅မိုင်၅ဖာလုံ)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၁၁-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက် - ၁၈-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန်ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်(စ်)၀၆၇-၄၁၀၄၃၁

ကျေးလက်ဒေသလျှပ်စစ်မီးနှင့်သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများအတွက် အလှူငွေများလှူဒါန်းနိုင်ပါရန်

နှိုးဆော်ခြင်း

- ငွေကိုမလို ရေသာလိုသည့် ကျေးရွာများအတွက် ရေလှူဒါန်းနိုင်ပါသည်။ ရေအကျိုး(၁၀)ပါး မတောင်းဘဲ ပြည့်နိုင်ပါသည်။
- ပညာလိုလားကြိုးစားနေပြီး အမှောင်ထဲက ကျေးရွာသားရင်သွေးငယ်များအတွက် ပညာအလင်းရရန် ပညာအလင်း ဆိုလာ၊ မီးအိမ်များ လှူဒါန်းနိုင်ပါသည်။
- ရေလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာ၊ မီးအလင်းလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာပွားများနိုင်ရန် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ထောက်ပံ့ကူညီလှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။
- စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကျေးလက်ဒေသလျှပ်စစ်မီးနှင့်သောက်သုံးရေရရှိရေးကော်မတီ
ဖုန်း-၀၆၇-၄၀၉၃၆၀၊ ၀၆၇-၄၀၈၂၇၀

&xm;yaqmia&;0eBu;Xme ue;vr;yaqmia&; ti*sie,mXme

(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၆-၁၁-၂၀၁၃ရက်နှင့် (စနေ၊ တနင်္ဂနွေ) အထူးသင်တန်းကို ၉-၁၁-၂၀၁၃ရက်တွင် ဖွင့်ပါမည်။ ၂၁-၁၀-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ (သင်တန်းသားဦးရေကန့်သတ်ထားသည်။)

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၄-၁၁-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁





csi;jyne, awmi,mpuci;rsm;wi puys;a&&&a&; cucae

တီးတိန်   အောက်တိုဘာ   ၃၀

ချင်းပြည်နယ်ရှိ မြို့နယ်အများစုသည် မြင့်မားသည့် တောင်တန်းများပေါ်တွင်တည်ရှိခြင်းကြောင့် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အခက်အခဲများစွာရှိပြီး လယ်ယာမြေများသည်လည်း လှေကားထစ်စိုက်ခင်းများဖြစ်ကြသည့်အတွက် စိုက်ပျိုးရေရရှိရေးကို အဓိကထားလုပ်ဆောင်နေရကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကိုလုပ်ကိုင်ရာတွင် အရေးကြီးသည့်စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေရရှိရေးအတွက် ၂၀၁၁ ဘဏ္ဍာနှစ်မှ ယနေ့အထိ ငွေကျပ် ၂၆၆ သိန်းအသုံးပြုခဲ့ကြောင်း၊ ချင်းပြည်နယ်တွင် လက်ရှိစပါးစိုက်လယ်မြေဧက ၃၀၀၀၀ ရှိသည့်အနက် ဧက ၂၅၀၀၀ ခန့်ကိုသာ စိုက်ပျိုးရေပေးဝေနိုင်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ခင်းများကို အမြဲတမ်းစိုက်ကွင်းစိုက်ကွက်များအဖြစ် လုပ်ကိုင်နိုင်ရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများ၊ NGO များ၏ အကူအညီများဖြင့် ပူးပေါင်းလုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကမရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည့် စိုက်ပျိုးရေရရှိရေးကို ချင်းပြည်နယ်အစိုးရအနေဖြင့် အထူးအလေးထားပြီး ဆောင်ရွက်နေရကြောင်း ချင်းပြည်နယ်စိုက်ပျိုးရေးဝန်ကြီး ဦးဇန်ထောင်း၏ ပြောကြားချက်အရ သိရသည်။

ချင်းပြည်နယ်သည် တောင်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေရသည့်အပြင် သောက်သုံးရေနှင့် အခြားစိုက်ပျိုးရေးအတွက် ပုဂ္ဂလိကရေများနှင့် စည်ပင်သာယာရေးမှပေးသည့် ရေများကိုအသုံးပြုလျက်ရှိပြီး စိုက်ပျိုးရေးအတွက်မှာမူ စိမ့်စမ်းချောင်းရေများကို မှီခိုအားထားနေရသည်ဟု သိရသည်။

ချင်းပြည်နယ်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် စိုက်သီးနှံများမှာ အာလူး၊ ငရုတ်၊ ကြက်သွန်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ဝဥ၊ ဂေါ်ရခါးသီး၊ ခရမ်းချဉ်သီး၊ ပဲအမျိုးမျိုးအစရှိသည်နှင့် အခြားနှစ်ရှည်ပင်များဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ စပျစ်၊ မျောက်ငို၊ ပန်းသီးနှင့် လိမ္မော် အစရှိသည့် သီးနှံများဖြစ်ထွန်းလျက်ရှိပြီး လယ် ၂၅၈၄၄ ဧက၊ ယာ ၁၅၆၇ ဧက၊ ကိုင်းကျွန်း ၄၅၇၆ ဧက၊ ဥယျာဉ်ခြံမြေ ၁၁၇၂၄ ဧက၊ တောင်ယာ ၁၈၉၃၅၁ ဧက စိုက်ပျိုးကြောင်းသိရသည်။ **ဇိုဟေဆာ(ချင်းတောင်ခြေ)**

မြိတ် အောက်တိုဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ မြို့တွင်းလမ်းများ ကောင်းမွန်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းမကြီးနှင့် လမ်းသွယ်များပါ ကွန်ကရစ်လမ်းအဖြစ် တစ်မြို့လုံးခင်းကျင်းလျက်ရှိကြောင်း သိရသည်။ ယင်းသို့ ကွန်ကရစ်လမ်း ခင်းကျင်းရာတွင် ကျန်ရှိနေသေးသော ချောင်းငယ်ရပ်ကွက် အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကွန်ကရစ်လမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၈၁၃၅၀၀၀ ကုန်ကျခံ၍ လမ်းဖြစ်မြောက်ရေးတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ ဦးအောင်သက်ဦး၏ ကြီးကြပ်မှုဖြင့် ခင်းကျင်းခဲ့ရာ အောက်တိုဘာ ၂၇ ရက်တွင် ပြီးစီးခဲ့ပြီဖြစ်ကြောင်း

weom&Nr? ü ueu&pvr;rsm;ci;

သိရသည်။

ယင်းသို့ မြို့တွင်းလမ်းများကို ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းပေးထားခြင်းကြောင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေပြီး ယာဉ်အန္တရာယ်ကင်းရှင်းကာ သွားလာနိုင်ကြသည်ဖြစ်၍ ဝမ်းသာလျက်ရှိကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

မိုးဟိန်း(မြိတ်)

---

rejyne, ü v?c?a&;qi&m oiwe;zi

မော်လမြိုင် အောက်တိုဘာ ၃၀

မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာမှဝန်ထမ်းများ လုံခြုံရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ရွှေမြင့်မိုရ်ထွန်းဟိုတယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမင်းနွယ်စိုး တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ နယ်မြေခံရဲအရာရှိများက မိုင်းရှင်းလင်းရှာဖွေရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အခြေခံသဘောတရားများ၊ မိုင်းရှင်းလင်းရေးနှင့် X-RAY စက်အသုံးပြုနည်း၊ လုံခြုံရေးဆိုင်ရာ အထောက်အကူပြုလက်ကိုင်သတ္တု အာရုံခံကိရိယာများဖြင့် ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေခံတပ်ဖွဲ့များ သတင်းပို့ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပစ္စည်းနှင့် အဆောက်အအုံ လုံခြုံမှုရှိစေရေးတို့အတွက် သင်တန်းများ ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများမှ ဝန်ထမ်းသင်တန်းသား သင်တန်းသူ ၉၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

(ကျော်သန်း-မော်လမြိုင်)

ချောက်မြို့၊ သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံမိသားစု
(၂၄)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ချောက်မြို့၊ သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံမိသားစု၏ (၂၄)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
(သီးခြားဖိတ်စာမပို့ပါ)

အစီအစဉ်

ကျင်းပမည့်နေ့ရက်	- ၂-၁၁-၂၀၁၃ ရက် (စနေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ
ကျင်းပမည့်နေရာ	- အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်ကြီး၊ ဗဟန်း(၃)လမ်းမှတ်တိုင်အနီး ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဆက်သွယ်လှူဒါန်းရန်

(၁) ဦးကြည်ဝင်း	ဖုန်း-၀၉-၅၀၈၃၉၃၄
(၂) ဒေါ်လှလှဝေ	ဖုန်း-၀၉-၅၀၇၃၈၀၈
(၃) ဦးညီညီထွန်း	ဖုန်း-၀၉-၅၁၀၄၃၃၅၊ ဖုန်း-၀၉-၅၁၀၂၉၉၄
(၄) ဦးခင်စိုး	ဖုန်း-၀၉-၅၁၃၆၄၈၁
(၅) ဦးအောင်မြ	ဖုန်း -၀၉-၅၀၅ ၇၀၂၄

မန္တလေးမြို့၊ ၇၁လမ်းနှင့် ၃၁လမ်းထောင့်ရှိ နန်းဦးတိုက်၊ မော်လမြိုင်ကျောင်းတွင် ၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)၌ ကျောင်းသားဟောင်းများက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဦးညွန့်တင်(77 C) ဖုန်း-၀၉၂၀၁၅၆၀၁ နှင့် ဦးစိန်ဝင်း (79 T) ဖုန်း-၀၉-၄၃၁၇၂၄၄၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



ရွှေကျင် – မဒေါက်ကလေး တံတားစီမံကိန်း

owi;Ei "mwy - ye;Zvyoe;ñe

ပဲခူးတိုင်းဒေသကြီး ရွှေကျင်-မဒေါက်ဒေသတွင် ဖြစ်မြဲမိုးရေချိန်လက်မ ၁၅၄ ဒသမ ၈၈ လက်မ မိုးရွာသွန်းရာ မိုးရာသီ၌ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့မှ တက်သော မြစ်ရေ၊ ချောင်းရေတို့ဖြင့် ရွှေကျင်မြို့နှင့် မဒေါက်မြို့တစ်ဝိုက် မိုးရာသီရေတဖွေးဖွေးတွင် လှေကလေးများသာမက စက်လှေများပါ ကုန်းပေါ်၌ မောင်းနှင်၍ ရလောက်ပေသည်။ အဆိုပါ ရေတဖွေးဖွေးတို့မှာ မိုးကုန်သည်နှင့်တစ်ပြိုင်နက် မိုးနှင့်အတူ လွင့်စဉ်ပျောက်ကွယ်ကြရာ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့တွင် အနည်းငယ်သာကျန်ရှိလေ့ရှိသည်။

စင်စစ်ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့မှာ စစ်တောင်းမြစ်၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းရှိ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် မြို့နှစ်မြို့ဖြစ်၍ တစ်မြို့နှင့်တစ်မြို့ အနေနီးသော်လည်း ရေစီးသန်သည့် စစ်တောင်းမြစ်က ပိုင်းခြားထားသဖြင့် တစ်ချိန်သောအခါက တစ်မြို့နှင့်တစ်မြို့ သွားလာရခက်ခဲလှသည်။

သို့ရာတွင် မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့ကို တားဆီးထားသော စစ်တောင်းမြစ်ကိုဖြတ်၍ တည်ဆောက်ထားသည့် အရှည်ပေ ၁၅၀၀ နှင့် တန်ချိန် ၃၆ တန် ခံနိုင်ဝန်အားရှိ သံကူကွန်ကရစ်အမျိုးအစား စစ်တောင်းမြစ်ကူးတံတား (ရွှေကျင်-မဒေါက်)ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ပေးခဲ့ရာ ရွှေကျင်နှင့် မဒေါက်မြို့တို့အကြား စစ်တောင်းမြစ်ကူးတံတား (ရွှေကျင်-မဒေါက်) က ငွားငွားစွင့်စွင့်ပေါ်ထွန်းလာခဲ့ပေပြီ။

ထို့အပြင် ယခုတစ်ဖန် ရွှေကျင်မြို့နယ် မဒေါက်၊ ညောင်လေးပင်၊ ရန်ကုန်မြို့များသို့ ဆက်သွယ်ထားသည့် ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာအုပ်စုရှိ မဒေါက်ကလေးတံတား (ညောင်လေးပင်-ပုဇွန်မြောင်း- မဒေါက်ရွှေကျင်) လမ်းပေါ် မိုင်တိုင်အမှတ် (၁၂/၀)ရှိ ယခင်က သံပေါင်ဘေလီတံတားခံနိုင်ဝန် ခြောက်တန်သာရှိပြီး ယင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးလွန်းသဖြင့် နိုင်ငံတော်အစိုးရက ခံနိုင်ဝန်ခြောက်တန်တံတားအစား ခံနိုင်ဝန်တန် ၆၀ တံတားအဖြစ် တည်ဆောက်ပေးလျက် ယခင်လမ်း၏အကျယ်မှာ ၁၂ ပေသာရှိပြီး ယခုအခါ လမ်းအကျယ် ၂၄ ပေအထိ တိုးချဲ့အသစ်တည်ဆောက်ပေးနေကြောင်းသိရသည်။ တံတားမှာ အရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ခွင့်ပြုအလေးချိန် တန် ၆၀၊ တံတားရေလမ်းကင်းလွတ်အမြင့် ခြောက်ပေဖြစ်ပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ကြောင်း၊ တံတားကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်ဆောက်လုပ်ခဲ့ကာ ယခုဆိုလျှင် ၆၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မဒေါက်ကလေး တံတားတည်ဆောက်ရေးတာဝန်ခံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၂)မှ AE ဦးလှည္တန့်က ရှင်းပြသည်။ ယခင်က ရွှေကျင်၊ မဒေါက်နှင့် ညောင်လေးပင် ကူးသန်းရာတွင် တွေ့ကြုံရသောဒုက္ခ၊ အခက်အခဲများစွာမှာ ယခုအခါ နိုင်ငံတော်၏စေတနာ၊ နိုင်ငံတော်၏ အစီအစဉ်များကြောင့် ပျက်ပြယ်သွားရပြီဖြစ်သည်။ ရွှေကျင်မှ မဒေါက်၊ ညောင်လေးပင်မှ နိုင်ငံတစ်ဝန်းဒေသအသီးသီးသို့ အရောက်ခရီးပေါက်မည့် တံတားကြီးတစ်စင်း တည်ဆောက်ပေးထားရာမှ နောက်ထပ် မဒေါက်ကလေး တံတားသစ်ကြီးတစ်စင်း တည်ဆောက်နေပြီဖြစ်၍ မဝေးလှသောကာလတွင် ဒေသဖွံ့ဖြိုးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကို မြင်ယောင်ရင်း အပြန်ခရီးတွင် တက်ကြွသော အားမာန်များနှင့်အတူ ရွှင်လန်းဝမ်းမြောက်စွာ ပီတိတွေဝေဖြာနေမိပါတော့သည်။ ။



ရွှေကျင်-မဒေါက်ကလေး တံတားစီမံကိန်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

လူမှုရေး/စီးပွားရေးကြော်ငြာ

Nr|e , v;u|w v , , majrvyyicivurwxway;

ညောင်တုန်း အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့တွင် မြို့နယ်လုံးကျွတ်လယ်ယာမြေမှတ်ပုံတင် ထုတ်ယူခြင်းနှင့် လုပ်ပိုင်ခွင့်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစန်းမောင်တို့က လယ်ယာမြေမှတ်ပုံတင်နှင့် လုပ်ပိုင်ခွင့်လက်မှတ်များကို တောင်သူများကိုယ်စားကျေးရွာအုပ်စု ခြောက်အုပ်စုမှ အုပ်ချုပ်ရေးမှူးများသို့ အသီးသီးပေးအပ်ခဲ့သည်။

(ဝင်းမြင့်ကျော်-ညောင်တုန်း)

v , , mpy;| jyn t m;x m; wm;q ;u m u , r;&ep ,

uiqma&m*|ui;pia&; ynmay;a [majym

ရန်ကုန် အောက်တိုဘာ ၃၀

ပြည်သူများ ကင်ဆာရောဂါကင်းဝေးစေရန် ရည်ရွယ်၍ Wellness (အနာမယ)မဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် ကင်ဆာရောဂါ ကင်းစင်ရေးဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ပါမောက္ခဆရာဝန်ကြီး ဦးစိုးအောင်က "ကင်ဆာရောဂါကင်းစင်ရေး အသိပညာဖြင့် ကာကွယ်ပေး"ခေါင်းစဉ်ဖြင့် ကင်ဆာရောဂါ မည်သို့ဖြစ်ပေါ်လာသည်၊ မည်သည့်နည်းလမ်းများဖြင့် မဖြစ်အောင်ကာကွယ်ရမည်၊ ဖြစ်လာပါက မည်ကဲ့သို့ရင်ဆိုင်ကုသရမည်ဆိုသည့် ဗဟုသုတများကို ဟောပြောခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

au ;v u r;v i;a&; r;pu½opzi

ရမ်းဗြဲ အောက်တိုဘာ ၃၀

ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖြစ် သရက်ချိုကျေးရွာ ကိုယ့်အားကိုယ်ကိုး ဒီဇယ်အင်ဂျင်သုံး မီးစက်ဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက စက်ရုံသစ်ရှေ့၌ကျင်းပသည်။ မီးစက်ရုံသစ်ကို မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးက ဖွင့်လှစ်ပေးခဲ့ပြီး သရက်ချိုကျေးရွာ မီးလင်းရေးအတွက် အိမ်ခြေ ၂၀၀ ခန့်အား လျှပ်စစ်မီးဖြန့်ဖြူးပေးရာတွင် တစ်နေ့လျှင် နှစ်နာရီနှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိရာမှ နေ့ကြီးရက်ကြီးများနှင့် ဥပုသ်နေ့များတွင် တစ်နေ့လျှင် သုံးနာရီနှုန်းဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၂၂)



မင်းကင်းကျောင်းတိုက် စုပေါင်းဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ မင်းကင်းကျောင်းတိုက်၌ ပုရိမဝါမှ ကျွတ်တော်မူကြသော သံဃာတော် အရှင်သူမြတ်တို့အား ဒေါက်တာ မိုးဇော်- ဒေါက်တာ ဥမ္မာမြင့်သိမ်း၊ (AUS) မိသားစု၊ ဒေါက်တာခင်မမ၊ ဒေါ်မြမြကြည် မိသားစုနှင့် ဒေါ်စိန်ကြည် မိသားစုတို့မှ မတည်၍ ဧကာဒသမအကြိမ်မြောက် စုပေါင်းဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို(၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်) ၃-၁၁-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

